# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး

# ဒသမနေ့ မှတ်တမ်း

၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်

( ၂၀၁၁ ခုနှစ်၊ မတ်လ ၁၅ ရက် )

[အင်္ဂါနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး၊ လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀ ။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ်ကို စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် ဒသမနေ့ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ဒသ မနေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေး သို့ တက်ရောက်ခွင့် ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃) ဦး ရှိပြီး၊ ဒီကနေ့ အစည်းအဝေးကို (၂၂၂) ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရေ စုစုပေါင်းရဲ့ (၉၉.၅၅) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ် စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့ အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ (က)နဲ့ (ဂ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အစည်းအဝေးစတင် ကျင်းပကြောင်းကြေညာ ပါတယ်။ ( သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန် အစည်းအဝေးရဲ့ ဒသမနေ့အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေ ခွဲ(ဂ) နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်ဟာ မိမိ ကိုယ်တိုင်

သော်လည်းကောင်း ၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့လွှတ်တော် ကိုယ်စားလှယ် များရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးဝင်းနိုင်ရှိန်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ကျွန်တော်ကတော့ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ရှိန် ဖြစ်ပါတယ်။ ကျွန်တော်ခွင့်ပန်ကြားမှာကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးတင်မြင့်သည်ယမန်နေ့ လွှတ်တော်အစည်းအ ဝေးပြီးဆုံးချိန်တွင် နှလုံးသွေးတိုးရောဂါကြောင့်ခြေလက်များမသယ်နိုင်သည့်အတွက်ကြောင့် လွှတ်တော်ဆေးခန်းသို့ ပို့ဆောင်ပေးခဲ့ရပါတယ်။ လွှတ်တော်ဆေးခန်း တာဝန်ခံဆရာဝန်ကြီးမှ ကုတင် (၁၀၀၀)ဆေးရုံသို့ ဆက်လက်ပြသရန်ညွှန်ကြားခဲ့ပါတယ်။ သို့ဖြစ်ပါ၍ (၁၅-၃-၂၀၁၁) မှ (၁၆-၃-၂၀၁၁)ထိခွင့်(၂)ရက်ခွင့်ပြုပေးပါရန် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်အတွက် (၁၅-၃-၂၀၁၁) နှင့် (၁၆-၃-၂၀၁၁)နေ့ ခွင့် နှစ်ရက် ကိစ္စကို မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဝင်းနိုင်ရှိန်ရဲ့ တင်ပြချက်အား လွှတ်တော်ရဲ့ သဘောတူညီချက် ရယူမှာဖြစ်ပါတယ်။

ယခုခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူ ပါသည်။]

**ဥက္ကဋ္ဌ။** ။သဘောတူတဲ့အတွက်ခွင့်ပန်ကြားချက်ကိုလွှတ်တော်ကခွင့်ပြုကြောင်းကြေညာပါတယ်။ ( ဩဘာသံများ)

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး ဒသမနေ့ကိုတက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ(၂၂၃)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁)ဦး အမျိုးသားလွှတ်တော်ကစုစုပေါင်း ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ(၁)ဦး ဖြစ်ပြီး ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပ ဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အ ခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အ ခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ရခိုင်ပြည်နယ်နှင့် ပြည်ဆက်သွယ်သော မော်တော်ကားလမ်းမျာအခုထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်မှု ရှိမရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**အချိန်။ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ယခု ကြယ်ပွင့်ပြထားတဲ့ မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းကဏ္ဍဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက မေးမြန်းတဲ့ မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တ စ်ဆက်တည်း မေးမြန်းပြီးမှ ဝန်ကြီးကဖြေကြားဖို့ဖြစ်ပါတယ်။ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမောင်သာခင်က ရခိုင်ပြည်နယ်နှင့် ပြည်မဆက်သွယ် ထားသော မော်တော်ကားလမ်းများ ယခုထက်ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနဲ့စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်။ ၁၀း၁၃။**

**ဦးမောင်သာခင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)** ။ ။ လေးစားအပ်ပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ မြန်မာနိုင်ငံတစ်နံတစ်လျားက တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့် စုံပါစေကြောင်း ဆုမွန်ကောင်း တောင်း အပ်ပါတယ်။ ကျွန်တော်က တော့ ရခိုင်ပြည်နယ် မောင် တောမဲဆန္ဒနယ်အမှ တ်(၈)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်သာခင်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်နဲ့ ပြည်မ ယခင်ကဆက်သွယ်ခဲ့တဲ့ လမ်းဟာ တောင်ကုတ်-ပန်းတောင်း တောင်ကြားလမ်း တစ်လမ်းတည်းသာရှိခဲ့ပါတယ်။ တပ်မတော်အစိုးရလက်ထက်မှာ နိုင်ငံတော်အကြီး အကဲရဲ့ ဖြူစင်သော စေတနာကြော င့် စစ်တွေ -ရန်ကုန်ကားလမ်း၊ ဧရာဝတီ တိုင်းဒေသကြီးနဲ့ ဆက်သွယ်တဲ့ သံတွဲ -ဂွ-ငါးသိုင်းချောင်း လမ်းတို့အပြင် ရခိုင်ပြည်နယ်၊ မြောက်ပိုင်း-တောင်ပိုင်း မြို့နယ်အသီးသီးမှာ ဆက်သွယ်နိုင်တဲ့ ကွန်ယက်

မော်တော်ကားလမ်းတွေ တံတားတွေ ဆောက်လုပ်ပေးခဲ့တာကြောင့် ကျွန်တော်တို့ ရခိုင်ပြည်သူ ပြည်သားတွေဟာ ပြည်မနှင့်ယခင်ကထက် ပိုမိုချောမွေ့လွယ်ကူစွာ ဆက် ဆံလာကြသည်ကို ဝမ်းပန်းတသာတွေ့ ရပါတယ် ခင်ဗျာ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရခိုင်ပြည်နယ်ဟာ မိုးရေချိန်လက်မ(၂၀၀) ကျော်ရရှိတဲ့ ပြည်နယ်ဖြစ်ပါတယ်။ ဝသ န်ကာလမိုးရာသီကျရောက်ပြီ ဆိုလျှင် ကျွန် တော်တို့ ရခိုင်ပြည်သူ ပြည်သားတွေဟာ ရင်တမမနဲ့ မိုးဒဏ်၊ လေဒဏ်၊ မုန်တိုင်းဒဏ်ကြားရမှာကို စိုးရိမ်ကြောင့်ကျပြီး နှစ်စဉ်နှစ်တိုင်းတစ်ဒေသ မဟုတ်လျှင် တစ်ဒေသမှာ တောင်ကျရေကြီး ခြင်း၊ တောင်ပြိုခြင်း၊ တံတားတွေ ကျိုးပေါက်ခြင်း၊ မြစ်ရေလျှံခြင်း တို့ ခံစားရပါတယ်ခင်ဗျား။ အဲဒီတော့ ကျွန်တော်တို့ ယခု ဖောက်လုပ်ဆဲ၊ ဖောက်လုပ်ပြီးစီးခဲ့တဲ့ တံတား အချို့တွေဟာလည်းမြစ်ရေလျှံခြင်း၊ တောင်ပြိုခြင်းတို့ကြောင့် အင်မတန်မှ ပျက်စီးသွားရ ပါတယ်။ အနီးစပ်ဆုံးသာဓကတစ်ခုကို တင်ပြရလျှင်မနှစ်က မောင်တော-ဘူးသီးတောင်လမ်း တစ်လျှောက်မှာ တံတားအမြောက်အမြားတောင်ပြိုပြီးတော့ လမ်းအူကြောင်းပြောင်းသွားသည် အထိ ဖြစ်သွားရပါတယ် ။ ဒါကြောင့် ကျွန်တော်တို့ ပြည်မနဲ့ဆက်သွယ်တဲ့ လမ်းမှာရှိတဲ့ သစ်သား တံတားတွေကို ယခုထက်ပိုမိုကောင်းမွန်တဲ့ သံကူကွန်ကရစ်တံတား အဖြစ် တိုးမြှင့်ဆောက်လုပ် ပေးရန်နှင့် တောင်ပြိုကျခြင်းမှ အကာအကွယ်ပြုနိုင်တဲ့ တောင်ကြားလမ်းတွေကို ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ /မရှိ မေးမြန်းတဲ့မေးခွန်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။

**ချင်းပြည်နယ်၏ ထွက်ကုန်များကို အဘက်ဘက်သို့ ရောင်းဝယ် ဖောက်ကားနိုင်ရန် အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ဆက်သွယ်သည့် နယ်စပ်ကုန်သွယ်ရေးလမ်းကြီးများ ဖောက်လုပ်ပေးနိုင်မှု ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်။ ၁၀း၁၅။**

**ဥက္ကဋ္ဌ ။** ။ ဆက်လက်ပြီးချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း က ချင်းပြည်နယ်၏ထွက်ကုန်များကို အဘက်ဘက်သို့ ရောင်းဝယ်ဖောက်ကား နိုင်ရန် အိန္ဒိယနှင့်ဘင်္ဂလားဒေ့ရှ် နိုင်ငံ များသို့ ဆက်သွယ်သည့် နယ်စပ်ကုန်သွယ်ရေးလမ်း မကြီး များ ဖောက်လုပ်ပေးနိုင်မှု ရှိ မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်။ ၁၀း၁၆။**

**ဦးဇုန်လှယ်ထန်း၊ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)** ။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုမေးခွန်း မေးမြန်းခွင့်ပြုတဲ့အတွက် အထူး ကျေးဇူးတင်ရှိကြောင်း ပြောလို ပါတယ်။ ဥက္ကဋ္ဌကြီးမှတ စ်ဆင့် ဝန်ကြီး ဆီသို့ အပြုသဘောတင်ပြဆွေးနွေးလို တာကတော့ ကျွန်တော်တို့ ချင်းပြည်နယ်မှာဘာမဆိုလုပ်ရင် စီးပွားရေးတွက်ခြေမကိုက်ဘူးဆိုတာသိပါတယ် ။ သို့သော် နိုင်ငံတော်က စေတနာဖြင့်လုပ်ပေးသမျှ အားလုံးကိုလည်း အသိအမှတ်ပြု ကျေးဇူးတင် ရှိကြောင်းလည်း ပြောလိုပါတယ်။ ကျွန်တော်တို့ ချင်းပြည်နယ် ဟာ သယံဇာတ မထွက်တဲ့ ဒေသ ဖြစ်တာလည်းသိပါတယ်။ယခုတင်ပြမယ့်အထူးလိုအပ်တဲ့အခြေခံအဆောက်အဦတွေ တည်ဆောက် ပေးနိုင်မယ်ဆိုရင် နောင်မှာ ချင်းပြည်နယ်လည်း တော်တော် လေးတိုးတက်လာပြီး စီးပွားရေး တွက်ခြေကိုက်မှုရှိလာနိုင်ဖွယ်ရှိပါတယ်။လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာမယ်ဆိုရင်လည်းကုန်ကူးသန်း ရောင်းဝယ်ရေး စီးပွားရေးအမျိုးမျိုးနဲ့ လူ့စွမ်းအားအရင်းအမြစ်တို့မှာလည်း တွက်ခြေကိုက်လာမယ် ဆိုတာ တင်ပြ လိုပါတယ်။ ယခုကျွန်တော်တင်ပြချင် တာကတော့ ချင်း ပြည်နယ်ရဲ့ ထွက်ကုန်များ အဘက်ဘက်သို့ ရောင်းဝယ်ဖောက်ကားနိုင်ရန်ဆိုတဲ့ နေရာမှာ အဘက်ဘက်သို့ဆိုတာက မြန်မာပြည်ပြည်မကိုလည်းဆိုလိုတာဖြစ်ပါတယ်။ပြီးတော့အိန္ဒိယနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့လမ်းများ ဖောက်လုပ်တည်ဆောက်ပေးနိုင်မယ်ဆိုရင် ချင်းပြည်နယ်မှာ စိုက်လို့ရတာ အများကြီးရှိပါတယ်။ အမှန်မှာတော့ ချင်းပြည်နယ်က တောတောင်ထူထပ်တဲ့ နေရာ ဖြစ်ပါတယ်။ ဒီထူထပ်တဲ့နေရာ ကတော့ မြေဆီလွှာကောင်းတာကိုလည်း ပြပါတယ်။ စိုက်လို့ရတာတွေလည်း အများကြီးရှိ ပါတယ်။ ယခုဒီမှာစိုက်ရင်လည်း လမ်း သိပ်မကောင်းသေးတဲ့အတွက်ကြောင့် ရောင်းရမယ့် နေရာမှာ ဈေးကွက်ကမရှိဘူး ဖြစ်နေပါတယ်။ ဒါကြောင့် ဒီလမ်းတွေကို ကောင်းကောင်းလေး ဖောက်ပေးမယ်ဆိုရင် ချင်းပြည်နယ်မှာလည်း လူနေမှု အဆင့်မြင့် လာမယ်ဆိုတာကို အပြုသဘော တင်ပြဆွေးနွေးချင်ပါတယ်။ ကျွန်တော်ယခု တင်ပြမယ့် နယ်စပ်ကုန်သွယ်ရေး လမ်းမကြီးကို (က)(ခ)(ဂ) ဆိုပြီးတော့ တင်ပြချင်ပါတယ်။ (က) ကတော့ မန္တလေး-ဂန့်ဂေါ - ဖလမ်း-ရိဒ်ခေါဒါရ် နယ်စပ်ကုန်သွယ်ရေး လမ်းမကြီး ၊ မန္တလေး -ဂန့်ဂေါကတော့ ဖောက်ပြီးသားဖြစ်ပါတယ်။ ဂန့်ဂေါနဲ့ ဖလမ်း ၊ ဖလမ်းကနေ ဂန့်ဂေါကို တောင်ကြော တစ်လျှောက် ဖောက်ပေးမယ်ဆိုရင် နီးနီး လေး ဖြစ်ပါတယ်။ အလွယ်တကူနဲ့ဖောက်နိုင်တဲ့လမ်း ဖြစ်ပါတယ်။ ပြီးတော့ ဖလမ်းကနေပြီးတော့ ရိဒ်ခေါဒါရ်ကိုလည်း မြေသားလမ်းဖောက်ပြီးသားဖြစ်ပါတယ်။ ကျွန်တော်တို့ မဲဆွယ်စည်းရုံး

တဲ့ အချိန်မှာ သွားတဲ့အချိန်မှာ တော်တော်လေးခက်ခဲပါတယ်။ ကျွန်တော်တို့ မိုင် (၆ဝ)ကို ရက်တော်တော်များများ သွားရပါတယ်။ လမ်းမှာကားကိုတွန်းရတာနဲ့ အချိန် တော်တော်လေး ကုန်ပါတယ်။ မြေကချိုင့်တွေရှိနေတဲ့အတွက်ကြောင့် မန္တလေး- ဂန့်ဂေါ - ဖလမ်း-ရိဒ်ခေါဒါရ် နယ်စပ်ကုန်သွယ်ရေးလမ်းမကြီးကို ကတ္တရာလမ်းအဖြစ် ဖောက်ပေးနိုင်ခြင်း အခြေအနေ ရှိ/မရှိ ။

ပြီးတော့(ခ)မှာ ကလေး -တီးတိန်-ရိဒ်ခေါဒါရ် နယ်စပ်ကုန်သွယ်ရေး လမ်းမကြီး ။ ဒါကတော့ ကလေးနဲ့တီးတိန်ကနေ ဖောက်ပြီးသားပါ။ တီးတိန်-ရိဒ်ခေါဒါရ်လည်း ဖောက်ပြီးသား။ သို့သော် ဒီ ကတ္တရာလမ်းကို ဆယ့်နှစ်ရာသီလမ်းဖြစ်ဖို့လိုပါတယ်။ ပြီးတော့ ချင်းပြည်နယ်တောင်ပိုင်း အတွက် ပခုက္ကူ-မတူပီ-ပလက်ဝ-မြိတ်ဝရွာနယ်စပ်ကုန်သွယ်ရေးလမ်းမကြီးကို နိုင်ငံတော်အစိုးရနှင့်အိန္ဒိယအစိုးရပူးပေါင်းပြီး စစ်တွေဘက်ကနေ ရေကြောင်း ဆောက်ပေးဖို့ အစီအစဉ်ရှိတာကိုလည်း သိရပါတယ်။ ပလက်ဝမှာ (port) ဆောက်ပေးဖို့ အစီအစဉ်ရှိတာကို လည်း သိပါတယ်။ ဒါကို ချင်းပြည်နယ်မှာ ပလက်ဝမြို့နယ် တစ်ခုတည်း ခံစား ရတာ မဟုတ်ဘဲ အခြားကတောင်ဘက်က အခြားမြို့နယ် မင်းတပ် -ကန်ပက်လက်- မတူပီကိုလည်း နယ်စပ်ကုန်သွယ်ရေးလမ်းမကြီးကို ခံစားလို့ရအောင် ပခုက္ကူမတူပီပလက်ဝ-မြိတ်ဝ နယ်စပ်ကုန်သွယ်ရေးလမ်းမကြီးကိုတည်ဆောက် ပေးနိုင်မှု အခြေအနေ ရှိ/မရှိ မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

(သြဘာသံများ)

**ချင်းပြည်နယ်မြို့များအားလုံး ဆက်သွယ်နိုင်သည့် ပြည်ထောင်စုလမ်းမကြီးများ တည်ဆောက်နိုင်မှု ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်။ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်းက ချင်းပြ ည်နယ်၏ မြို့နယ်များအားလုံး ဆက်သွယ်နိုင်သည့် ပြည်ထောင် စုလမ်းမကြီးများ တည်ဆောက်ပေးနိုင်မှု ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်။ ၁၀း၂၃။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)** ။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ယခုလိုမေးခွန်း မေးမြန်းခွင့်ပြုတဲ့အတွက် ကျေးဇူးတင်ရှိကြောင်း ဦးစွာပြောလိုပါတယ်။ ကျွန်တော်ဒီ မှာ ပြည်ထောင်စုလမ်းမကြီးများလို့ ကျွန်တော်ဆိုလိုတာကတော့ အခြေခံဥပဒေဇယား(၁)နံပါတ်(၈)မှာပြောတဲ့ ပြည်ထောင် စုအစိုးရက စီမံခန့်ခွဲသည့် လမ်း မကြီးများ၊ တံတားကြီး များကို ဆိုလိုတာဖြစ်ပါတယ်။ မြို့များအားလုံး ဆက်သွယ်လို့ရ

တဲ့ လမ်းမကြီးများကို ယခုလို (က)၊(ခ)၊(ဂ)ဆိုပြီးတော့ မေးမြန်းချင် ပါတယ်။ နံပါတ် (၁)မှာ ချင်းပြည်နယ်မြောက်ပိုင်းအတွက်ကျီးခါး တွန်းဇံ တီးတိန် ဖလမ်း ဟားခါး ထန်တလန် လမ်းမကြီး တွေကို ဆယ့်နှစ်ရာသီသွား ကတ္တရာလမ်း အဖြစ်တည်ဆော က်ပေးနိုင်မှု အခြေအနေ ရှိ /မရှိ။ လမ်းကတော့ဖောက်ပြီးသားဖြစ်ပါတယ်။ ပြီးတော့ (ခ)မှာ ဟားခါး-မတူပီ-ပလက်ဝ ပြည်ထောင်စု လမ်းမကြီး။ ဟားခါးနှင့် မတူပီလမ်း ကလည်း မြေလမ်းတော့ဖောက်ပြီးသား ဖြစ်ပါတယ်။ မတူပီ-ပလက်ဝကတော့ လမ်းအူကြော င်းရှိပြီးသားဖြစ်ပါတယ်။ ဒါကိုလည်း ဆယ့်နှစ်ရာသီသွား ကတ္တရာလမ်းအဖြစ် နိုင်ငံတော်ဘတ်ဂျက် အဆင်ပြေတဲ့အချိန်မှာ ဖောက်ပေးနိုင်မှု အခြေအနေ ရှိ/မရှိ ။ပြီးတော့ (ဂ)မှာ ပခုက္ကူ-မင်းတပ်-ကန်ပက်လက်လမ်း ဒါတွေကလည်း ကောင်းပြီးသားလို့ ကျွန်တော် သိရှိရပါတယ်။ ဒါကြောင့် ဒီမေးခွန်းကို မေးခွင့်ပြုတဲ့ အ တွက်ကြောင့် ကျေးဇူးအထူး တင်ရှိကြောင်း ပြောလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်အသီးသီး၏ မေးမြန်းချက် များအပေါ် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးက တစ်ခုစီ သီးခြား ဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၂၄ ။**

**ဦးခင်မောင်မြင့် (ဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့် ဝကြပါစေလို့ဆုမွန် ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေး ဝန်ကြီး ဌာန၊ ဝန်ကြီး ဦးခင်မောင်မြင့် ဖြစ်ပါတယ်။

ပထမမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၈) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်သာခင်မှ အမျိုးသားလွှတ်တော်အစည်းအဝေးသို့ မေးမြန်းသည့် ရခိုင်ပြည်နယ်နှင့်ပြည်မ ဆက်သွယ်သော မော်တော်ကားလမ်းများနှင့် ပြည်နယ်အတွင်း မော်တော်ကားလမ်းနှင့် တံတားငယ်များမှာ မကြာခဏ ပျက်စီး၍ သွားလာရေး ခက်ခဲသဖြင့် ယခုထက် ပိုမို ကောင်းမွန်အောင် ဆောင်ရွက်မည့် အစီအစဉ် ရှိ /မရှိ မေးခွန်းနှင့် ပတ်သက်လို့ ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်အနေဖြင့် နိုင်ငံတော်မှ ရခိုင်ပြည်နယ်အပေါ် လမ်း ပန်းဆက်သွယ်ရေးများ ဆောင်ရွက်ထားချက်များကိုယခုလို ရှင်းလင်းပြောကြားခွင့်ရတဲ့အတွက် ဦးမောင်သာခင်အား အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ရခိုင်ပြည်နယ်နှင့် တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ဆက်သွယ်ရာတွင် အဓိကလမ်းမကြီး(၃)ခုရှိပါတယ်။(၁)မကွေးတိုင်းဒေသကြီးနှင့် ဆက်စပ်နေသည့် မင်းဘူး-အမ်း-စစ်တွေလမ်း(၂၉၆)မိုင်နဲ့ (၅)ဖာလုံ ရှိပါတယ်။ (၂)ပဲခူးတိုင်းဒေသကြီးနှင့် ဆက်စပ်နေသည့် ပြည် -တောင်ကုတ်-သံတွဲလမ်း (၁၄၆)မိုင်နဲ့ (၃)ဖာလုံရှိပါတယ်။(၃)ဧရာဝတီတိုင်းဒေသကြီးနှင့် ဆက်စပ်နေသည့် ငါးသိုင်းချောင်း-ဂွ-သံတွဲလမ်း(၁၃၂)မိုင်နဲ့(၂)ဖာလုံတို့ပဲဖြစ်ပါတယ်။ ဒီလမ်းမကြီး (၃)လမ်းကို နှစ်စဉ် စီမံကိန်း များချမှတ်ပြီး အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိပါတယ်။ ပထမလမ်းအဖြစ် မင်းဘူး -အမ်း-စစ်တွေလမ်းကို ရှင်းလင်းပြောကြားပါမယ်။ မင်းဘူး-အမ်း-စစ်တွေလမ်း (၂၉၆)မိုင် (၅)ဖာလုံကို မင်းဘူး-အမ်းလမ်းအပိုင်း၊အမ်း-ကြာအင်းတောင်လမ်းအပိုင်း၊ ကြာအင်းတောင် - စစ်တွေလမ်းအပိုင်းစသည်ဖြင့် အပိုင်း (၃) ပိုင်းခွဲပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အဖွဲ့ (၂၃)ဖွဲ့၊ ကုမ္ပဏီအဖွဲ့ (၃၆)ဖွဲ့၊ စုစုပေါင်း (၅၉)ဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။

ဆောင်ရွက်လျက်ရှိတဲ့ စက်ယာဉ်ယန္တရားများကတော့ မြေထိုးစက်(၁၇)စီး၊မြေညှိစက်(၁၅)စီး၊ မြေတူးကော်တင်စက် (၆၀)စီး၊ လမ်းကြိတ်စက် (၅၉)စီး၊ ကျောက်ခွဲစက် (၆၉)စီး၊ မြေသယ်ယာဉ်(၁၈၀)စီး၊ ဆီ/ရေသယ်ယာဉ်(၂၀)စီး၊ အုပ်ချုပ်မှုသုံးယာဉ်(၆၀)စီး၊ မီးစက်(၆၅)ခုနဲ့ စုစုပေါင်း စက်ယန္တရား (၆၄၅) စီးနဲ့ လုပ်သားအင်အား(၂၃၆၀)ယောက်တို့ဖြင့် အရှိန်အဟုန်မြှင့်ပြီး ယခုအချိန်မှာ ဆောင်ရွက်နေပါတယ်။ ယခင်က မတ်စောက်ကျဥ်းမြောင်းပြီး အကွေ့အကောက များစွာနဲ့ ရှိခဲ့တဲ့ စစ်တွေ -မင်းဘူးလမ်းဟာ ယခုအခါ ပေ ၅၀ အကျယ်ဖြောင့်တန်း ပြေပြစ်နေတဲ့ လမ်းမကြီးအဖြစ် ခန့်ငြားထည် ဝါစွာ တွေ့မြင်နေရပြီ ဖြစ်ပါတယ်။ ဆက်လက်ပြီး ကတ္တရာလမ်းအဆင့်ထိ တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ၄င်းလမ်းပေါ်ရှိ သစ်သားတံတား ကြီးငယ်များကိုလည်း သံကူကွန်ကရစ် တံတားများအဖြစ် ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

အမ်း-စစ်တွေလမ်းပေါ်မှာ မဲတောင်အတက်လမ်းမကြီးဟာ မြင့်မားမတ်စောက်ပြီး အတက်အဆင်း ကြမ်းတဲ့အတွက် ခရီးသည်ယာဉ်များတိမ်းမှောက်မှု မကြာခဏဖြစ်ကာ ခရီး သွားပြည်သူများ ဒဏ်ရာရ သေဆုံးမှုများ ဖြစ်ခဲ့ပါတယ်။ ဒါကြောင့်လည်း အဲဒီ မဲတောင် အတက်လမ်းမကြီးကိုကုန်တင်ယာဉ်ကြီးများ၊ ခရီးသည်တင်ယာဉ်ကြီးများ ဘေးအန္တရာယ်ကင်းရှင်းစွာ

သွားလာနိုင်တဲ့အထိ အတက်အဆင်း ပြေပြစ်အောင် ကား လမ်းများ ရှောင်လို့ လွယ်ကူအောင်၊ ကားများအလွယ်တကူ ကွေ့ကောက်လို့ရအောင် အနိမ့်အမြင့် ပြေပြစ်ပြီး လမ်းများကို တိုးချဲ့ပြီး လမ်းအူကြောင်း အသစ် ရှာဖွေခြင်းတို့ကို စီမံကိန်းအသွင် စက်ယာဥ်ယန္တရားများစွာဖြင့် နေ့ဆိုင်း ညဆိုင်းခွဲကာ မိုးမကျမီ ပြီးစီးရေးအတွက် ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ယခုအခါ ယခင်လမ်း ဟောင်းထက်ပေ(၂၀၀)ခန့် နိမ့်ကျသွားသော မဲတောင်ရှောင်ကွင်းလမ်းကြီးဟာ မကြာမီပြီးစီး တော့မှာဖြစ်ပါတယ်။ ကြိုးတံတား(၃)စင်းကိုလည်း သံကူကွန်ကရစ် တံတားများအဖြစ် ဆောင်ရွက်ရာမှာ ကျောက်တန်းချောင်းတံတား (၃၄၀)ပေ၊ သယုတံတား၊ ပဲပဒိုတံတား (၄၀၀)ပေ တို့ကို သံကူကွန်ကရစ်တံတားများအဖြစ်တည်ဆောက်ပြီးဖြစ်ပါတယ်။အမ်းအောက်ရွာကြိုးတံတား ကိုလည်း (၆၀၀)ပေ အရှည်ဟာလည်း သံကူကွန်ကရစ် တံတားအဖြစ် စတင်တည်ဆောက် ပါပြီ၊ ဒါဟာ ပထမလမ်း အခြေအနေ ဖြစ်ပါတယ်။

ဒုတိယလမ်းအဖြစ် ပြည်-ပန်းတောင်း- တောင်ကုတ်-သံတွဲလမ်းကို ရှင်း ပြပါမယ်။ ပြည်-ပန်းတောင်း- တောင်ကုတ်-သံတွဲလမ်း(၁၄၆)မိုင်(၃)ဖာလုံဖြစ်ပါတယ်။ဒါကို တောင်ကုတ်မှာ ရှိတဲ့ နေလသစ္စာဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်ကနေ B.O.T. စနစ်ဖြင့် ၎င်းလမ်း၊ တံတား များကို အဆင့်မြှင့်တင် ဆောက်လုပ်နေတာတွေ့ရပါတယ်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားအထူးအဖွဲ့များကနေပြီး သက္ကယ်ပြင် တံတား(၁၅၀)ပေနှင့် ကွေ့ချောင်းတံတား (၁၅၀)ပေ အပါအဝင်၊ စုစုပေါင်း တံတား (၄)စင်းတို့ကို လည်း သံကူကွန်ကရစ်တံတားအဖြစ် ဝင်ရောက်ပြီး တည်ဆောက်လျက်ရှိပါတယ်။ နေလ သစ္စာ ဆောက်လုပ်ရေး ကုမ္ပဏီသည် ပွင့်လင်းရာသီတွင် ကတ္တရာခင်းနိုင်အောင် ဆောင်ရွက်လျက်ရှိနေကြောင်း ပြောကြားလိုပါတယ်။

တတိယလမ်းကို ရှင်းလင်း ပြောကြားမှာ ဖြစ်ပါတယ်။ ငါးသိုင်းချောင်း-ဂွ-သံတွဲလမ်းအပိုင်း ဖြစ်ပါတယ်။ ငါးသိုင်းချောင်း-ဂွ-သံတွဲလမ်း အပိုင်းမှာ ငါးသိုင်းချောင်းလမ်း (ရေနံ့သာ)လမ်းဆုံမှ ဂွထိ (၄၉)မိုင်(၂)ဖာလုံ ဖြစ်ပါတယ်။ ဒါကို ရွှေမိုးအုပ်စု ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် ကနေပြီး၊ B.O.T. စနစ်ဖြင့် လမ်း၊ တံတားများကို အဆင့်မြှင့်တင် ဆောင်ရွက် သွားမှာဖြစ်ပါတယ်။သံတွဲ-ဂွလမ်းမှာကျန်တဲ့(၈၃)မိုင်ကိုတော့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လမ်းအထူး အဖွဲ့(၁)ဖွဲ့၊ ခရိုင်အဖွဲ့ (၁)ဖွဲ့က လမ်းတံတားများကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ ဂွမြို့နှင့်သံတွဲမြို့အကြားမှာ ဇလွန်တံတား(၆၀)ပေ၊ ကစွန်းခင်းတံတား

(၁၀၀)ပေ၊ ပုဂံတောင်တံတား (၆၀)ပေနှင့် ကျိန္တလီတံတား(၁၂၀)ပေ တို့ကိုလည်း သံကူကွန်ကရစ် တံတားများအဖြစ် တံတားအထူးအဖွဲ့မှ တည်ဆောက်ရန်တင်စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ရခိုင်ပြည်နယ်အတွင်းမှာ ပထ ဝီအနေအထားအရ သီးခြား တည်ရှိနေတဲ့ ကျွ န်း ဖြစ်တဲ့ နေရာတွေကိုလည်း ကျွန်းပတ်လမ်းများ ဖောက်လုပ်လျက် ရှိပါတယ်။ မာန်အောင်ကျွန်း ပတ်လမ်း ဖြစ်ပါတယ်။ ၄င်းလမ်းပေါ်ရှိတဲ့တံတား(၁၉၀)စင်းကိုလည်းတည်ဆောက်ပေးပြီးဖြစ်ပါ တယ်။ဒါ့အပြင် ရမ်းဗြဲ -အောင်လှပြင်လမ်းကိုဖောက်လုပ်ပေးခြင်း၊ ဘူးသီးတောင်-မောင်တော လမ်းပေါ်ရှိ(၆၅၈)ပေအရှည်ရှိ လိုဏ်ဂူကြီးလည်းရှောင်ကွင်းလမ်းအဖြစ် တည်ဆောက်နေပြီ ဖြစ်ပါတယ်။ ဗန္ဓုလ-မောင်တော-အင္ဂူမော်လမ်း(၉၄)မိုင်(၅)ဖာလုံမူလလမ်းကြောင်းတစ်ကြောင်း ထိုး မြေသားလမ်းအား အဆင့်မြှင့်တင်တည်ဆောက်နေပြီ ဖြစ်ပါ တယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တိုင်းဒေသကြီး / ပြည်နယ်များအတွင်းရှိ တံတားအားလုံး သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင် ့တင်ရန် အတွက် စီမံချက်ဆွဲပြီးဖြစ်ပါတယ်။ အဲဒါတွေကတော့ ပေ ၅၀ နဲ့အောက် တံတားများကို ပထမ အဆင့်၊ ပေ ၅၀ နဲ့အထက် ၁၀၀ ပေအောက် တံတားများကို ဒုတိယအဆင့်၊ ပေ ၁၀၀ အထက်နှင့် ၁၈၀ ပေအောက်တံတားများကို တတိ ယအဆင့် ဆိုပြီးတော့ အဆင ့်အလိုက်ခွဲပြီးတော့ လုပ်နေ ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့နေရာမှာ ပေ(၁၈၀)နှင့်အထက် တံတားများ ဆောင်ရွက်ရန် ရှိပါက နိုင်ငံတော်အစိုးရထံ တင်ပြအတည်ပြုချက်ရယူပြီး ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ရခိုင်ပြည်နယ်အတွင်းရှိ သစ်သားတံတားများကိုလည်း သံကူကွန်ကရစ်တံတားများ အဖြစ် အဆင့်ဆင့် တိုးမြှင့်ပြီး တည်ဆောက်လျက်ရှိပါတယ်။

ရခိုင်ပြည်နယ်အတွင်း လမ်းတံတားများ အဆင့်မြှ င့်တင်တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်နယ်အင်ဂျင်နီယာမှူးကြီးမှကြပ်မတ်ပြီးတော့ လမ်းအထူး အဖွဲ့ (၅)ဖွဲ့၊ တံတားအထူးအဖွဲ့ (၄)ဖွဲ့ ၊ လေယာဉ်ကွင်း အထူးအဖွဲ့ (၅)ဖွဲ့၊ အဆောက်အဦ အထူး အဖွဲ့ (၂)ဖွဲ့၊ ခရိုင်အဖွဲ့ (၄)ဖွဲ့ ၊ ကုမ္ပဏီ (၂၅)ခု၊ စုစုပေါင်း(၄၉)ဖွဲ့ဖြင့် ဆောင်ရွက် လျက်ရှိပါတယ်။

ရခိုင်ပြည်နယ်ရှိ ပြည်သူပြည်သားများမှ အထူးလိုလားတောင့်တနေသော မြို့နယ် ချင်းဆက်လမ်း (၄)လမ်းကိုလည်း ယခုတည်ဆောက်နေပါတယ်။ ရခိုင်ပြည်နယ် (၁၇) မြို့နယ်မှာ ကားလမ်းမရှိသောမြို့နယ်များ ကားလမ်းရှိပြီး ဖြစ်ပါတယ်။ အဲဒါကတော့ ရသေ့တောင် - ပုဏ္ဏားကျွန်းလမ်း (၂၂)မိုင် (၆)ဖာလုံ ၊ပေါက်တော-မင်းပြားလမ်း(၂၀)မိုင် ၆ ဖာလုံ၊ မြေပုံ-ကပိုင်

(ကြာအင်းတောင်)လမ်းခွဲ (၁၂)မိုင်(၅)ဖာလုံ၊ ကျောက်တော်-ပလက်ဝလမ်း (၃၃)မိုင် (၅)ဖာလုံတို့ ဒီ (၄)ပိုင်းကို ဆောင်ရွက်လျက်ရှိပါတယ်။

ရသေ့တောင်-ပုဏ္ဏားကျွန်းလမ်းပေါ်ရှိတဲ့ တည်ဆောက်မည့် တံတားတွေကတော့ ရသေ့တောင်ချောင်းတံတား (၆၆၀)ပေ၊ ထွန်းရ ဝေချောင်းတံတား(၄၂၀)ပေ၊ ပြွန်ချောင်းတံတား (၁၃၀)ပေ၊ဝါးခွပ်ချောင်းတံတား(၁၃၀)ပေ၊ဘိတ်မြောင်ချောင်းတံတား(၁၂၀)ပေ၊တောဖျားချောင်း တံတား(၁၀၀၀)ပေ၊ ပြင်ဖြူချောင်းတံတား (၁၀၀)ပေ၊ ရေခမ်းချောင်းတံတား(၁၃၀)ပေ၊ စံမတီး ချောင်းတံတား(၄၈၀)ပေတို့ဖြစ်ပါတယ်။ ဒီတံတားတွေဟာ ပေအရှည်တံတားတွေ ဖြစ်ပြီးတော့ ယခုဆောင်ရွက်လျက်ရှိပါတယ်။ ဒ့ါအပြင် ပေါက်တော -မင်းပြားလမ်းပေါ်ရှိ တည်ဆောက်နေတဲ့ တံတားတွေကတော့ ဆင်ခုံတိုင်တံတား (၉၀၀)ပေ၊ စွန်ရဲမြစ်ကူးတံတား (၁၂၁၆)ပေ တို့ဟာလည်း အရှိန်အဟုန်မြှင့် ဘိုးပိုင်တွင်းတူးစက်ကြီးများ၊ ကရိန်းကြီးများဖြင့် မိုးမကျမီ ပြီးစီးအောင် ဆောင်ရွက်လျက်ရှိပါတယ်။

မြေပုံမြို့မှ ရန်ကုန် -စစ်တွေလမ်းကို ဆက်သွယ် နေတဲ့မြေပုံ-ကသာ-ကပိုင်လမ်း (၁၂)မိုင် (၅)ဖာလုံ ကိုလည်း ဖောက်လုပ်လျက်ရှိပါတယ်။ အဆိုပါ လမ်းမကြီး ပြီးစီးပါက မြေပုံမှ ရန်ကုန်၊ မန္တလေးမြို့များသို့ သွားတဲ့အခါမှာ ယခင်ကလို ခရီးမထောက်တော့ပဲ အလွယ်တကူသွားလာ နိုင်မှာ ဖြစ်ပါတယ်။

မြေပုံ-ကပိုင်(ကြာအင်းတောင်)လမ်းပေါ်ရှိတည်ဆောက်မယ့် တံတားများ ကတော့ ကျောင်းဂမော်မြစ်ကူးတံတား(၂၃၇၂)ပေ၊ ပြွန်ရှည်ချောင်းတံတား (၁၀၈၀)ပေ၊ ပဲကောက်ချောင်း တံတား(၁၅၀)ပေတို့ ပြ ဖစ်ပါတယ်။ ဒါတွေလည်း တံတားတည်ဆောက်ရေးအတွက် အကြို အင်ဂျင်နီယာ လုပ်ငန်းဆောင်ရွက်နေပြီဖြစ်ပါတယ်။

စတုတ္ထလမ်းဖြစ်တဲ့ ကျောက်တော် -ပလက်ဝ လမ်းပေါ်ရှိ တည် ရှိနေတဲ့ တံတား တွေကတော့ မီးချောင်းတံတား (၄၂၀)ပေ၊ သဲမချောင်းတံတား (၃၃၀)ပေ၊ နှမဒါချောင်း တံတား (၄၅၀)ပေ တို့ဖြစ်ပါတယ်။ ဒီတံတားတွေလည်း စတင်ပြီးဆောင်ရွက်လျက်ရှိပါတယ်။

ဘူးသီးတောင်-မောင်တောလမ်းတွင် မိုးဒဏ်ကြောင့် ကြီး စွာပျက်စီးသွားသော (၁၆)မိုင်လမ်းအပိုင်းကိုတစ်လနဲ့ပြီးအောင်ပြန်လုပ်ပေးခဲ့ပါတယ်။(၂၂-၁၀-၂၀၁၀)နေ့မှာ ပြင်းထန်စွာ တိုက်ခတ်ခဲ့သောဂီရိမုန်တိုင်းကြောင့်ကျောက်ဖြူခရိုင်အတွင်းရှိပျက်စီးခဲ့သောလမ်း၊ တံတားများ၊

ပင်လယ်ကမ်းပါး ရေလှိုင်းကာနံရံများကိုလည်း နှစ်လအတွင်း အပြီးတည် ဆောက်ပေးခဲ့ပြီး ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်မှ ချင်းပြည်နယ် ပလက် ဝနှင့် ကလက် ဝမြို့များကို ဖြတ်ပြီးတော့ အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်န ယ်နှင့် ဆက်သွယ်မည့် လမ်းမကြီးကိုလည်း စတင်ဖောက်လုပ်ရန် အတွက် အိန္ဒိယနိုင်ငံက IRCON ကုမ္ပဏီ Indian Railway Construction Company Limited နှင့် မြန်မာနိုင်ငံမှမက်စ်မြန်မာကုမ္ပဏီလီမိတက်တို့သည် အကြိုအင်ဂျင်နီယာလုပ်ငန်းများ စတင် ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကျောက်တော် -ပလက်ဝလမ်း (၃၃)မိုင် (၅)ဖာလုံကို ဖောက်လုပ်လျက်ရှိရာ ယခင် အခါက မြေလမ်းအဆင့် ပြီးစီးနေပြီဖြစ်ပြီး မော်တော်ကားများသွားလာနိုင်တဲ့ အဆင့်ရှိပါတယ်။ ယခုအခါ ကျောက်ခင်းခြင်းလုပ်ငန်းများ ကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားလိုပါတယ်။

ရခိုင်ပြည်နယ် မြို့နယ်(၁၇)မြို့နယ်အတွင်းရှိ လမ်း၊ တံတားများကို အဆင့်မြှင့်တင် တည်ဆောက်ထိန်းသိမ်းပေးနေသလို၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးသို့ ဆက်သွယ် သည့် လမ်းများ ၊ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးသို့ ဆက်သွယ်သည့်လမ်းများ၊ ရခို င် ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးသို့ ဆက်သွယ်သည့်လမ်း /တံတားများကိုလည်း အဆင့်မြှင့် တင်ခြင်းတို့ ဆောင်ရွက်ပေးနေတာ ကိုယ်စားလှယ်တော်ကြီးများ ကြားသိမှာ ဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ပေးနေတဲ့အတွက် လမ်းပန်းဆက်သွယ်ရေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကျောက်တော်-ပလက်ဝလမ်း(၃၃)မိုင်(၅)ဖာလုံကို ပိုမိုကောင်းမွန်တိုးတက်လာပြီး ရခိုင်ပြည်နယ် နှင့် ပြည်မ ပိုမိုလွယ်ကူချောမွေ့စွာ သွားလာနိုင်တော့မှာဖြစ်လို့ စီးပွားရေး၊ လူမှု ရေး၊ ပညာရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်လာတော့မှာဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ရခိုင်ပြည်နယ် နှင့် ပြ ည်မဆက်သွယ်သော မော်တော်ကားလမ်းများနှင့် ပြည်နယ်အတွင်း မော်တော်ကားလမ်း နှင့် တံတားငယ်များမှာ မကြာခဏ ပျက်စီး၍ သွားလာရေး ခက်ခဲသဖြင့် ယခုထက် ပိုမို ကောင်းမွန်အောင် ဆောင်ရွက်နိုင် မှု အစီအစဉ် ရှိ /မရှိ မေးခွန်းအား ပြန်လည် ဖြေကြားရင်း နိဂုံးချုပ် အပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြ သော အမျိုးသားကိုယ်စားလှယ်တော်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်း

နှင့်ပြည့်စုံပါစေလို့ ဆုမွန်တောင်းရင်း နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်ပဲ ဖြစ်ပါတယ်။

ကျွန်တော်အနေနဲ့ ဒုတိယမေးခွန်းဖြစ်တဲ့ ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း မှ အမျိုးသားလွှတ်တော် အစည်းအဝေး သို့မေးမြန်းထားသည့် ချင်းပြည်နယ်၏ ထွက်ကုန်များကို အဘက်ဘက်သို့ရောင်းဝယ် ဖောက်ကား လို့ရအောင် ချင်းပြည်နယ်ကို ဖြတ်ပြီး မြန်မာနိုင်ငံ မြေပြန့်ဒေသ နှင့် အိန္ဒိယ၊ ဘင်္ဂလားဒေ့ ရှ် နိုင်ငံများသို့ ချိတ်ဆက်သည့် နယ်စပ်ကုန်သွယ်ရေး လမ်းမကြီးများဖြစ်သော မန္တလေး -ဂန့်ဂေါ- ဖလမ်း-ရိဒ်ခေါဒါရ် လမ်းမကြီး ၊ ကလေး -တီးတိန်- ရိဒ်ခေါဒါရ်လမ်းမကြီးနှင့် ပခု က္ကူ-မတူပီ- ပလက်ဝ-မြိတ်ဝ လမ်းမကြီးတို့ အား ဖောက်လုပ်ပေးနိုင်မှုအခြေအနေ ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်လို့ ရှင်းလင်းပြောကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် နိုင်ငံတော်မှ ချင်းပြည်နယ်အပေါ် လမ်းပန်းဆက်သွယ်ရေးများ ဆောင်ရွက်ထားချက်များကို ယခုလို ရှင်းလင်း ပြောကြားခွင့်ရတဲ့အတွက် ဦးဇုန်လှယ်ထန်းအား ကျေးဇူးအထူးတင်ရှိပါတယ်။ ချင်းပြည်နယ် ထွက်ကုန်များကို ရောင်းဝယ်ဖောက်ကားနိုင်ရန် ချင်းပြည်နယ်မှ မြန်မာနိုင်ငံ မြေ ပြန့်ဒေသနှင့် အိန္ဒိယနိုင်ငံ ဘင်္ဂလားဒေ့ရှ်နိုင်ငံ များသို့ ချိတ်ဆက် နိုင်မည့် လမ်းမကြီးများ ကို ရှင်းပြပါ ရစေ။ နံပါတ်(၁)ကတော့ မန္တလေး-ဂန့်ဂေါ-ဖလမ်း-ရိဒ်ခေါဒါရ်နယ်စပ်ကုန်သွယ်လမ်းကြီးဟာ(၃၉၄)မိုင် (၂)ဖာလုံရှိပါတယ်။

ကလေး-တီးတိန်-ရိဒ်ခေါဒါရ် နယ်စပ်ကုန်သွယ်ရေး လမ်းမကြီး(၈၈)မိုင် ရှိပါ တယ်။ ပခုက္ကူ-မတူပီ-ပလက်ဝ-မြိတ်ဝနယ်စပ်ကုန်သွယ်ရေးလမ်းမကြီး (၃၇၇)မိုင် (၁)ဖာလုံ ရှိပါတယ်။ အဲဒီလမ်းများကို လမ်းအလိုက် ဆက်လက်ပြီး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပထမပိုင်း ဖြစ်သော မန္တလေး-ဂန့်ဂေါ-ဖလမ်း-ရိဒ်ခေါဒါရ်နယ်စပ်ကုန်သွယ်ရေးလမ်း ဖြစ်သော လမ်း ကတော့ ကတ္တရာလမ်း(၂၈၅)မိုင် (၄)ဖာလုံ ၊ကျောက်လမ်း (၆၂)မိုင် (၆)ဖာလုံ၊ မြေလမ်း(၄၆)မိုင် ရှိပါတယ်။ စုစုပေါင်း (၃၉၄)မိုင် (၂)ဖာလုံ ဖြစ်ပါတယ်။ ဒုတိယလမ်းပိုင်းဖြစ်တဲ့ကလေး-တီးတိန်- ရိဒ်ခေါဒါရ် နယ်စပ်ကုန်သွယ် ရေးလမ်းမကြီးရဲ့ အခြေအနေကတော့ ကတ္တရာလမ်း (၃၆)မိုင် (၆)ဖာလုံ၊ ကျောက်လမ်း(၄၂)မိုင် (၇)ဖာလုံ၊ မြေလမ်း(၈)မိုင်(၃)ဖာလုံ စုစုပေါင်း (၈၈)မိုင် ဖြစ်ပါ တယ်။ တတိယပိုင်းဖြစ်တဲ့ ပခုက္ကူ-မတူပီ-ပလက်ဝ-မြိတ်ဝ ကုန်သွယ်ရေး လမ်းမကြီး ၊၎င်းလမ်း အခြေအနေကတော့ ကတ္တရာလမ်း (၂၀၀)မိုင် (၂)ဖာလုံ၊ကျောက်လမ်း(၂)မိုင်(၁)ဖာလုံ ၊မြေလမ်း

(လမ်းအူကြောင်းလမ်း) (၁၇၄) မိုင် (၆) ဖာလုံ စုစုပေါင်း(၃၇၇) မိုင်(၁)ဖာလုံတို့ ဖြစ်ပါတယ်။ ၎င်းလမ်းကြောင်းကနေပြီးတော့ မတူပီ -ပလက်ဝ လမ်းအပိုင်းဟာ နယ်မြေအနေအထားအရ ကုန်ကျစရိတ်များစွာ အသုံးပြုရမည့် လမ်းဖြစ်တဲ့အတွက် လောလောဆယ် ဆောင်ရွက်နိုင်မှု မရှိသေးပါဘူး။ သို့သော်လည်း ကလက်ဝ(မြိတ်ဝ)၊ ပလက် ဝမှ ပခုက္ကူအထိ ကုန်သွယ်ရေး လမ်းမကြီးကို ပလက် ဝမှ ကလက် ဝ(မြိတ်ဝ)ထိ (၄၁)မိုင် (၇)ဖာလုံကို အိန္ဒိယနိုင်ငံ အကူအညီဖြင့် ကုလားတန်ဘက်စုံ သယ် ယူပို့ဆောင်ရေး ဖွံ့ဖြိုး တိုးတက်မှု စီမံကိန်း အစိတ်အပိုင်း အဖြစ် အိန္ဒိယနိုင်ငံ IRCON ကုမ္ပဏီ Indian Railway Construction Company Limited နှင့် မြန်မာနိုင်ငံက မက်စ်မြန်မာကုမ္ပဏီတို့ ပူးပေါင်းပြီး အကြို အင်ဂျင်နီယာလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

အဆိုပါ ကုန်သွယ်ရေးလမ်းမကြီး ဖြစ်သော ပလက်ဝ-ကလက်ဝ (မြိတ်ဝ) လမ်းမကြီးတည်ဆောက်ပြီးစီးပါက အိန္ဒိယ-မြန်မာကုန်သွယ်ရေးလမ်းကြောင်း အဖြစ် က လက်ဝ (မြိတ်ဝ)- ပလက်ဝမှ ကျောက်တော်လမ်း၊ အမ်းလမ်း၊ ပဒါန်းလမ်းမှတစ်ဆင့် ပခုက္ကူသို့ သွားလာနိုင်သော အနေအထားရှိပါတယ်။

အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံ ချင်းပြည်နယ်သို့ ဆက်စပ်သော လမ်း (၂)လမ်း ဖြစ်တဲ့ ဖလမ်း -ရိဒ်ခေါဒါရ်လမ်း (၆၇)မိုင် (၆)ဖာလုံကို တီးတိန်- ရိဒ်ခေါဒါရ်လမ်း (၃၂)မိုင် (၃)ဖာလုံတို့ဟာ တီးတိန်-ရိဒ်ခေါဒါရ်လမ်းကို ဦးစားပေးတဲ့အနေနဲ့ အိန္ဒိယနိုင် ငံနဲ့ ဆောင်ရွက်ရန် နှစ်နိုင်ငံညှိနှိုင်းခဲ့ပြီးဖြစ်၍ လမ်းအဆင့်မြှင့်တင်ရန်လမ်းအူကြောင်းတိုင်းတာမှုအဆင့်ကိုဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဖလမ်းနဲ့ ရိဒ်ခေါဒါရ်လမ်း ရဲ့ အနေအထားကတော့ လက်ရှိအခြေအနေ မှာ မြေသားလမ်း ဖြစ်ပါတယ်။ ပြ ည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကပဲ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံက ဆောက်လုပ်မှာတော့ ဒုတိယဦးစားပေးဖြစ်တဲ့အတွက် လောလောဆယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက နှစ်စဥ်စီမံကိန်းချမှတ်ပြီး အပိုင်းလိုက် အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်တဲ့ အနေအထား ဖြစ်ပါတယ်။

ချင်းပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်နှင့် ချိတ်ဆက်တဲ့လမ်းဖြစ်တဲ့ တင်ပြပါ ပလက်ဝမြို့မှ ရခိုင်ပြည်နယ် ကျောက်တော်မြို့သို့ ဖောက်လုပ်နေပြီ ဖြစ်၍ ကျောက်တော်မှတစ်ဆင့် စစ်တွေမြို့သို့လည်းကောင်း၊ စစ်တွေမြို့မှ ဘူးသီးတောင်-မောင်တော သို့လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆက် သွယ်သွားလာနိုင်တဲ့ အနေအထား ရှိပါတယ်။ ဒါကတော့ ပလက် ဝ

ကနေပြီးဘင်္ဂလားဒေ့ရှ်နိုင်ငံကိုသွားလာနိုင်တဲ့ လမ်းကြောင်းအခြေအနေကို ရှင်းလင်းပြောကြားခြင်းဖြစ်ပါတယ်။ ချင်းပြည်နယ်ရဲ့ ထွက်ကုန်များကို အဘက်ဘက်သို့ ရောင်း ဝယ်ဖောက်ကားလို့ရအောင် ချင်းပြည်နယ်ကို ဖြတ်ပြီး မြန် မာနိုင်ငံမြေပြန့်ဒေသများနှင့် အိန္ဒိယ -ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ ချိတ် ဆက်သည့် နယ်စပ်ကုန်သွယ်ရေးလမ်းကြီးများဖြစ်သော မန္တလေး -ဂန့်ဂေါ-ဖလမ်း-ရိဒ်ခေါဒါရ် လမ်းမကြီး၊ ကလေး -တီးတိန်- ရိဒ်ခေါဒါရ် လမ်းမကြီးနှင့် ပခုက္ကူ -မတူပီ-ပလက်ဝ မြိတ်ဝလမ်းမကြီးတို့ ဖောက်လုပ်ပေးနိုင်မှုအခြေအနေ ရှိ/မရှိ မေးခွန်းကို ဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြပါသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဝန်ကြီး ဦးခင်မောင်မြင့် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ တတိယမေးခွန်းဖြစ်တဲ့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ် ထန်းမှ အမျိုးသားလွှတ်တော် အစည်းအ ဝေး သို့ မေးမြန်း ထားသည့် ချင်းပြည်နယ်၊ ကျီခါး -တွန်းဇံ-တီးတိန်-ဖလမ်း-ဟားခါး-ထန်တလန် ပြည်ထောင်စုလမ်းမကြီး၊ ဟားခါး-မတူပီ-ပလက်ဝ ပြည်ထောင်စုလမ်းမကြီး၊ ပခုက္ကူ-မင်းတပ်-ကန်ပက်လက် ပြည်ထောင်စုလမ်းမကြီး တည်ဆောက်ပေးနိုင်မည့် အခြေအနေ မေး ခွန်းနှင့်ပတ်သက်လို့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ နိုင်ငံတော်မှ ချင်းပြည်နယ်အပေါ်မှာ လမ်းပန်းဆက်သွယ်ရေးများ ဆောင်ရွက်ထားချက်များကို ယခုလိုပြောကြားခွင့်ရတဲ့အတွက် ဦးဇုန်လှယ်ထန်းအား အထူးပင် ကျေးဇူးတင်ရှိကြောင်းပြောကြားလိုပါတယ်။ ချင်းပြည်နယ်အတွင်းရှိ ကျီခါး -တွန်းဇံ-တီးတိန်-ဖလမ်း-ဟားခါး-ထန်တလန် လမ်းမကြီးမှာ ကျီးခါး-တွန်းဇံ-တီးတိန်-ဖလမ်း လမ်းအပိုင်း (၁၅၇)မိုင် (၃)ဖာလုံ၊ ဖလမ်း -ဟားခါးလမ်းအပိုင်း (၄၃)မိုင် (၃)ဖာလုံ၊ ဟားခါး - ထန်တလန် လမ်းအပိုင်း(၂၁)မိုင်(၄)ဖာလုံရှိပါတယ်။ အပိုင်း(၃)ပိုင်း ပါဝင်နေတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ကျီခါး-တွန်းဇံ-တီးတိန်-ဖလမ်းအပိုင်းတွင် ကတ္တရာလမ်း (၅၈) မိုင် (၇)ဖာလုံ၊ ကျောက်လမ်း (၅၅)မိုင် (၆) ဖာလုံ၊ မြေလမ်း(၄၂ )မိုင် (၆)ဖာလုံ စုစုပေါင်း(၁၅၇) မိုင် (၃)ဖာလုံ ဖြစ်ပါတယ်။

ဖလမ်း-ဟားခါးလမ်းအပိုင်းတွင်ကတ္တရာလမ်း (၃၄)မိုင်(၁)ဖာလုံ၊ ကျောက်လမ်း (၉)မိုင် (၂)ဖာလုံ၊ စုစုပေါင်း (၄၃)မိုင်(၃)ဖာလုံ ဖြစ်ပါတယ်။ ဟားခါး-ထန်တလန် အပိုင်းတွင် ကတ္တရာလမ်း(၃) မိုင် (၄)ဖာလုံ၊ ကျောက်လမ်း(၁၈)မိုင် ၊စုစုပေါင်း(၂၁)မိုင် (၄)ဖာလုံ ဖြစ်ပါတယ်။

အဆိုပါလမ်းပိုင်းများမှာ မြေလမ်းမှ အမာခံလမ်းအဆင့် သော်လည်းကောင်း၊ အမာခံလမ်းမှ ကျောက်လမ်းအဆင့်သော်လည်းကောင်း၊ ကျောက်လမ်းမှ ကတ္တရာလမ်း အဆင့် သော်လည်းကောင်းအဆင့်(၄)ဆင့်ပိုင်းခြားထားပြီးတော့တစ်ဆင့်ပြီးတစ်ဆင့်တိုးမြှင့် ဆောင်ရွက်မှာဖြစ်ပါတယ်။ယခုဆိုလျှင် စုစုပေါင်းကတ္တရာလမ်း (၉၆)မိုင်(၄)ဖာလုံအထိတိုးမြှင့်တည်ဆောက်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေဖြင့် ကျန်အပိုင်းများကိုလည်း နိုင်ငံ တော်ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး နှစ်အလိုက်တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်ဆောင်ရွက်ရေးအတွက် စီမံချက်ရေးဆွဲပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

၂၀၂၀ အာဆီယံအသိုင်းအဝန်း ဖြ စ်ပေါ်ချိန်မှာ မြန်မာနိုင်ငံ၏ ပြည်ထောင်စု လမ်းမကြီးများကို ကတ္တရာလမ်းအဆင့် ရောက်ရှိရေးအတွက် ဆောက်လုပ်ရေး ဝန်ကြီးဌာန၏ အဓိက စီမံကိန်းအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ယခုဆိုလျှ င် ချင်းပြည်နယ်အတွင်း လွန်ခဲ့သော နှစ် (၂၀)မှစပြီး အဆင့်လိုက် တိုးမြှင့်ဆောင်ရွက်လျ က်ရှိရာ လမ်းတိုးတက်လာခြင်းကိုလည်း ယခင်နှစ် (၂၀)နှင့်စာရင် တိုးတက်မှုကို ကိုယ်စားလှယ် တော်ကြီးများလည်း အသိပင်ဖြစ်ပါတယ်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လမ်းမိုင်ပေါင်း (၂၁၃၆၁)မိုင် (၂)ဖာလုံ ရှိတဲ့ နေရာမှာ လမ်းမိုင်ပေါင်းတစ်သောင်းကျော်ကိုကတ္တရာလမ်းအဆင့်တည်ဆောက်ပြီးဖြစ်ပါတယ်။

ဒါ့ကြောင့်မို့ ကတ္တရာလမ်းအဆင့်သည် မြန်မာနိုင်ငံတစ်နိုင်ငံလုံး ၅၀%သာ ပြီးစီးပါသေးတယ်ဆိုတာကိုရှင်းလင်းပြောကြားလိုပါတယ်။အပြင် လမ်းအလိုက် ဦးစားပေးမှုကို တင်ပြရပါက အာရှလမ်းမကြီးနှင့် အာဆီယံလမ်းမကြီးများကိုပထမဦးစားပေးအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ချင်းဆက်သွယ်သော ပြည်ထောင်စုလမ်းမကြီးများကို ဒုတိယဦးစားပေးအဆင့်၊ ခရိုင်ချင်းဆက် လမ်းများကို တတိယ ဦးစားပေးအဆင့်၊ မြို့နယ်ချင်းဆက်လမ်းများ ကို စတုတ္ထ ဦးစားပေးအဆင့် စသည်ဖြင့်အဆင့်လိုက်အဆင့်လိုက် ဦးစားပေးအဆင့်မြှင့်တင်ပြီး ကတ္တရာလမ်းအဆင့် ဆောင်ရွက်လျက်ရှိပါတယ်။

ဒီနေရာမှာ ပြည်ထောင်စုလမ်းမကြီးဆိုတဲ့ အဓိပ္ပါယ်နဲ့ ပတ်သက်လို့ ရှင်းလင်း ရပါက ပြည်ထောင်စုလမ်းမကြီးဆိုတာ တိုင်းဒေသကြီး များနဲ့ ပြည်နယ်များ ချိတ်ဆက်ထားသော လမ်းကိုသာ ဆိုလိုခြင်းဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးများ မေးမြန်းထားတဲ့ ဒုတိယတစ်လမ်းဖြစ်တဲ့ ဟားခါး - မတူပီ-ပလက်ဝလမ်းအခြေအနေကို တင်ပြလိုပါတယ်။ ဟားခါး-မတူပီလမ်း (၁၇၂)မိုင် (၆)ဖာလုံ၊ မတူပီ -ပလက်ဝလမ်း(၁၃၅)မိုင် (၃)ဖာလုံဆိုပြီး အပိုင်းနှစ်ပိုင်း ပါ ဝင်မှာ ဖြစ်ပါတယ်။ဟားခါး - မတူပီ လမ်းအပိုင်းတွင် ကတ္တရာလမ်း (၂ )မိုင်( ၆) ဖာလုံ၊ ကျောက်လမ်း (၄၉) မိုင်၊ မြေလမ်း (၁၂၁) မိုင်၊ စုစုပေါင်း (၁၇၂ )မိုင် (၆) ဖာလုံဖြစ်ပါတယ်။

ဒီအပိုင်းမှာ ယခုနှစ်အတွင်း ရေဇွာမြို့တွင်း (၂)မိုင်၊ ကတ္တရာခင်းခြင်း ဆောင်ရွက် ပေးခဲ့ပါတယ်။ ဆက်လက်၍ နှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ် မူ တည်၍ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို စီမံချက်ချ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နောက်တစ်ပိုင်းဖြစ်တဲ့ မတူပီ- ပလက်ဝ လမ်းအပိုင်းကတော့ ကတ္တရာလမ်း (၃) ဖာလုံ၊ ကျောက်လမ်း(၂) မိုင် (၁) ဖာလုံ၊ မြေလမ်း၊လမ်းအူကြောင်းကတော့ (၁၃၂) မိုင် (၇) ဖာလုံ၊ စုစုပေါင်း (၁၃၅) မိုင် (၃) ဖာလုံ ဖြစ်ပါ တယ်။

ဒီလမ်းကတော့ နယ်မြေအနေအထားအရ ကုန်ကျစရိတ်များသော လမ်းဖြစ်၍ လတ်တလောဆောင်ရွက်နိုင်မှု အစီအစဉ်မရှိသေးပါကြောင်း ပြောကြားလိုပါတယ်။

ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့ တတိယလမ်းဖြစ်တဲ့ ပခုက္ကူ - မင်းတပ် - ကန်ပက်လက်လမ်းဖြစ်ပါတယ်။ပခုက္ကူမင်းတပ်လမ်း(၈၉)မိုင်(၃)ဖာလုံမင်းတပ်-ကန်ပက်လက်လမ်း (၃၈)မိုင်ဖြစ်ပါတယ်။ အပိုင်းနှစ်ပိုင်းပါဝင်ပါတယ်။ ပခုက္ကူ - မင်းတပ်အပိုင်းကတော့ ကတ္တရာလမ်း (၈၈) မိုင် (၃)ဖာလုံ၊ ကျောက်လမ်း (၁) မိုင် စုစုပေါင်း (၈၉) မိုင် (၃) ဖာလုံ ဖြစ်ပါတယ်။ မင်းတပ်- ကန်ပက်လက် လမ်းအပိုင်းကတော့ ကျောက်လမ်း (၂၂) မိုင် (၁) ဖာလုံ၊ မြေလမ်း(၁၅) မိုင် (၇)ဖာလုံ စုစုပေါင်း (၃၈) မိုင် ဖြစ်ပါတယ်။

အဆိုပါ လမ်းအပိုင်းများမှာ မြေလမ်းမှ အမာခံလမ်းအဆင့်၊ အမာခံလမ်းမှ ကျောက်လမ်းအဆင့် ၊ကျောက်လမ်းမှ ကတ္တရာလမ်းအဆင့်ဆိုတဲ့ အဆင့်လေးဆင့်ကို တစ်ဆင့်ပြီး တစ်ဆင့်တိုးမြှင့် ဆောင်ရွက်တဲ့နေရာမှာ ကတ္တရာလမ်းအဆင့်(၁၁၀)မိုင်(၄)ဖာလုံအထိ တိုးမြှင့် တည်ဆောက်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ကျန်အပိုင်းများကိုလည်း

နိုင်ငံတော်ရန်ပုံငွေ ရရှိမှုအပေါ် မူတည်၍နှစ်အလိုက် အဆင့်မြှင့်တင် ဆောင်ရွက်ပေးပြီး၊ စီမံချက်ချ ပြုလုပ်နေပါတယ်။

ချင်းပြည်နယ်ရဲ့ လမ်းတံတားများ တိုးတက်လိုသော ဆန္ဒနဲ့ ချင်းပြည်နယ်မှာ ချင်းအမျိုးသား ဦးငွန်ဆန်းဟော် အား ပြည်နယ်အင်ဂျင်နီယာမှူး ကြီး တာဝန်ပေးပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ချင်းပြည်နယ်ကို တာဝန်ပေးထားသော ဝန်ထမ်းအင်အားများ အနေဖြင့် ပြည်နယ်အင်ဂျင်နီယာမှူးကြီး (၁)ဦး၊ လမ်းအထူးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး (၂)ဦး၊ ခရိုင်အင်ဂျင်နီယာမှူး (၂)ဦး၊ မြို့နယ်အင်ဂျင်နီယာမှူး (၇)ဦး၊ လုပ်ငန်းခွင်လက်ထောက် အင်ဂျင်နီယာ (၇)ဦး၊ မြို့နယ်ခွဲအင်ဂျင်နီယာ (၃)ဦး၊ လုပ်ငန်းခွင်အင်ဂျင်နီယာ-၁(၁၃)ဦး၊ လုပ်ငန်းခွင် အင်ဂျင်နီယာ-၂ (၂၉)ဦး၊ လုပ်ငန်းခွင်အင်ဂျင်နီယာ-၃ (၁၄)ဦး၊ လုပ်ငန်းခွင်အင်ဂျင်နီယာ-၄ (၈)ဦး၊ ပုံဆွဲဝန်ထမ်း (၄)ဦး၊ ရုံးဝန်ထမ်း (၇၅)ဦး၊ လုပ်သားအင်အား (၃၀၀)ဦး၊ စုစုပေါင်း (၄၆၅)ဦးနဲ့ ချင်းပြည်နယ် လမ်းတံတားတိုးတက်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ အဖွဲ့လိုက် ဆောင်ရွက် လျက်ရှိတဲ့ စက်ယန္တရားများကတော့ မြေထိုးစက် (၁၄) စီး၊ မြေညှိစက် (၈) စီး၊ မြေတူးကော်တင်စက် (၁၂) စီး၊ လမ်းကြိတ်စက်(၁၃)စီး၊ ကျောက်ခွဲစက် (၇) လုံး၊ ကရိန်း (၁)စီး၊ မြေသယ်ယာဉ် (၇၂) စီး၊ ဆီသယ် /ရေသယ်ယာဉ် (၄)စီး၊ အုပ်ချုပ်မှုသုံးယာဉ်ငယ် (၁၅) စီး၊ စုစုပေါင်း (၁၆၆)စီးဖြစ်ပြီး လုပ်ငန်းလိုအပ်ချက်အရ လိုအပ်သလို ရွှေ့ပြောင်းယာဉ်များနဲ့လည်း အသုံးပြုသွားတာ ဖြစ်ပါတယ်။ ဒီလိုလမ်းတံတားများ တိုးတက်ရေးအတွက် ဖွဲ့စည်းပုံရော ယာဉ်ယန္တရားဖွဲ့စည်းပုံနဲ့ အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက် ရှိပါတယ်။ နောက်နှစ်များတွင်လည်း ချင်းပြည်နယ်အပါအဝင် မြန်မာနိုင်ငံတစ်ဝှမ်းလုံး စီမံချက်များ ချမှတ်ပြီး လမ်းတံတားများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမှာ ဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်ကြီးများတင်ပြထားတဲ့ ချင်းပြည်နယ်၊ ကျီခါး -တွန်းဇံ-တီးတိန်-ဖလမ်း-ဟားခါး-ထန်တလန် ပြည်ထောင်စုလမ်းမကြီး ၊ ဟား ခါး-မတူပီ-ပလက်ဝ ပြည်ထောင်စုလမ်းမကြီး၊ ပခုက္ကူ-မင်းတပ်-ကန်ပက်လက် ပြည်ထောင်စုလမ်းမကြီးများ တည်ဆောက်ပေး နိုင်မှု အခြေအနေ ရှိ/မရှိ မေးခွန်းကို ပြန်လည်ဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

## ဖွံ့ဖြိုးရေးအထူးဒေသကြီး(၂၄)ခု သတ်မှတ်ရာတွင် ချင်းပြည်နယ် ပါဝင်ခြင်း ရှိ /မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃) ဦးပေါလ်ထန်ထိုင်းက ဖွံ့ဖြိုးရေးအထူးဒေသကြီး (၂၄)ခုသတ်မှတ်ရာတွင် ချင်းပြည်နယ်ပါဝင်ခြင်း ရှိ /မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဦးပေါလ်ထန်ထိုင်၊ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။လေးစားတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ် (၃) ထန်တလန်မြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးပေါလ်ထန်ထိုင်းဖြစ်ပါတယ်။ကျွန်တော်အနည်းငယ်သိရှိ လိုသည်မှာ ဖွံ့ဖြိုးရေးအထူးဒေသကြီး(၂၄)ခုသတ်မှတ်ရာတွင်ချင်းပြည်နယ်ပါဝင်ခြင်း ရှိ/မရှိ နဲ့ ပတ်သက်ပြီး မေးခွန်းဖြစ်ပါတယ်။

တပ်မတော်အစိုးရက နိုင်ငံတော်ကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာအောင် စီမံချက်ရေးဆွဲထားပါတယ်။ အဲဒီစီမံချ က်အရဆိုရင် နိုင်ငံတော် ၏ နယ်စွန် နယ်ဖျားများတိုင် ဖွံ့ဖြိုး တိုးတက်လာဖို့ ဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်နယ် ၊ပြည်မ မခွဲခြားဘဲနဲ့ နော က်ပြီးတော့ တောင်ပေါ်မြေပြန့်မခွဲခြားဘဲနဲ့ဖွံ့ဖြိုးပြီးဒေသနဲ့မဖွံ့ဖြိုးသေးတဲ့ဒေသ မခွဲခြားဘဲနဲ့ ဖွံ့ဖြိုးတိုးတက်လာအောင်၊တပြေးညီ ဆောင်ရွက်ပေးဖို့က နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက် လည်းဖြစ်ပါတယ်။အခုကျွန်တော် ပြောနေတဲ့ အထူးဒေသကြီး (၂၄)ခုဟာ ဘာလုပ်ငန်းတွေလုပ် နေပါသလဲ ဆိုတာအစိုးရက သတ်မှတ်ပေးတာကတော့ ကျွန်တော်သိ သလောက်ဆိုရင် ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်တစ်ခု၊ နည်းပညာတက္ကသိုလ်တစ်ခု၊ ကွန်ပျူတာတက္ကသိုလ်တစ်ခု၊ အထူးကု ဆရာဝန်ကြီးများထားရှိသော ကုတင် (၂၀၀)ဆေးရုံ တစ်ခုရှိပါတယ်။ အဲဒီလေးခုကို အထူးဒေသကြီး သတ်မှတ်တဲ့ နေရာတိုင်းမှာ ဆောင်ရွက်ပေးဖို့ ဖြစ်ပါတယ်။ ကျွန်တော်သိသလောက် ဆိုရင် ဒီလုပ်ငန်းကြီးကို ဆောင်ရွက်ကြတာ (၁၀)နှစ်လောက်တောင် ကြာပြီလို့ထင်ပါတယ်။ အဲဒီ ကာလအတွင်းမှာ အချို့ပြည်နယ်နှင့်တိုင်းဒေသကြီးမှာကတော့ ဒီဖွံ့ဖြိုးရေးလုပ်ငန်းတွေဟာပြီးနေပြီ။ အချို့ကတော့ ဆောင်ရွက်ဆဲဖြစ်ချင်ဖြစ်မယ်။ ကျွန်တော်တို့ ချင်းပြည်နယ် မြို့တော်ဟားခါးမှာ လည်း ဒီနေ့အထိ နည်းပညာကောလိပ် ဆောက်လုပ်ဖွင့်လှစ်တာ အခုဆိုရင် တတိ ယနှစ်အထိဖြစ်နေပြီ။

နောက်အထူးကုဆရာဝန်ကြီးများ ထားရှိပေးတဲ့ ခု တင်(၂၀၀)ဆေးရုံ ကြီးလည်းပဲ ကျွန်တော်တို့ ဖွင့်လှစ်အသုံးပြုပေးတာ တစ်နှစ် ကျော်ရှိပါပြီ။ သို့သော်လည်းပဲ ကျွန်တော်ပြောတဲ့ လုပ်ငန်းကြီး လေးခုထဲမှ လုပ်ငန်းကြီး နှစ်ခုကတော့ ဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့် ၅၀ % ပြီးပြီလို့ ယူဆပါ တယ်။ကျန်နေသေးတဲ့ ၅၀% ဖြစ်တဲ့ဝိဇ္ဇာသိပ္ပံတက္ကသိုလ်နဲ့ကွန်ပျူတာတက္ကသိုလ်ကို ကျွန်တော်တို့ ချင်းပြည်နယ်မှာဆောက်လုပ်ပေးခြင်းတော့ မရှိသေးပါဘူး။ အဲဒါနဲ့ပတ်သက်ပြီး ကျွန်တော် သိလိုတာကတော့ အခုလို အထူးဒေသကြီး (၂၄)ခုသတ်မှတ်တဲ့နေရာမှာ ချင်းပြည်နယ်ပါ /မပါ။ မပါလို့ရှိရင် ဘာ ကြောင့်လဲ။ ပါ ဝင်တယ် ဆိုရင်လည်း ဘာလုပ်ပေးဖို့ အစီအ စဉ်ရှိသလဲဆိုတာ သိချင်တာမေးခြင်းဖြစ်ပါတယ်။ တကယ်လို့ခုနက ကျွန်တော်ပြောထားတဲ့ နည်းပညာ တက္ကသိုလ် နဲ့ ခုတင်(၂၀၀)ဆေးရုံကြီးမှလွဲလို့ဆက်လက်ဆောင်ရွက်ပေးဖို့ မရှိတော့ဘူးဆိုရင် ကျွန် တော်တို့ ချင်းပြည်နယ်စာရင်းကိုဖွံ့ဖြိုးရေးနဲ့ပတ်သက်ပြီးတော့၊ကျောင်းနဲ့ပတ်သက်ပြီးတော့ စာရင်းတို့ကို သတင်းစာထဲမှာ ရေးသားထားတဲ့ အခါတိုင်းမှာ ကလေးမြို့လို့ပါတယ်။ ကလေးမြို့ဟာ ဆိုရင် စစ်ကိုင်းတိုင်းထဲမှာရှိတဲ့မြို့ဖြစ်ပါတယ်။ဥပမာ-သတင်းစာထဲမှာ ဒေသလွှတ်တော်ကိုယ်စားလှယ် များလည်းဖတ်ဖူးမှာပါ။ ချင်းပြည်နယ်မှာ တက္ကသိုလ်ကောလိပ် ဆိုလို့ရှိရင်ကလေးကိုစာရင်းပြ ရေးသားထားတာတွေ့ရပါလိမ့်မယ်။ ခုနကကျွန်တော်မေးနေတဲ့ အဲဒီ ကျန်နေသေးတဲ့လုပ်ငန်း တွေကို ချင်းပြည်နယ် မြို့တော် ဟားခါးမှာ ဆက်လက်ပြီးတော့ တည်ဆောက်ဖို့ အစီအစဉ် မရှိတော့ဘူးဆိုပါက ချင်းပြည်နယ်နဲ့ အနီးကပ်နေတဲ့ ကလေးမြို့ကို ချင်းပြည်နယ်ရဲ့မြို့အဖြစ် ထားပေးနိုင်မလား။ ကလေးမြို့ကိုလည်း ချင်းပြည်နယ်မှာ ထားပေးဖို့ အစီအစဉ် ရှိပါသလား။

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းချက်ကို နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၅၅။**

**ဦးကျော်ကျော်ဝင်း၊ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များအားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ကျွန်တော်ကတော့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော် ဝင်း ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်းရဲ့ မေးခွန်းကို ကျွန်တော်မှ ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်မှာ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ပြည်ထောင်စုတစ် ဝန်းလုံး ဆူကြုံနိမ့် မြင့်ကွာဟချက်များ နည်းပါးပြီး တန်းတူရည်တူ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု သတ်မှတ်ပြီး ယင်းဒေသကြီးများ တစ်ခုစီအတွင်း ဘက်စုံလွှမ်းခြုံတိုးတက်ဖွံ့ဖြိုးလာစေရန်ဆောင်ရွက်လျက်ရှိပါသည်။ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ တင်ပြပါဒေသကြီးအတွင်း လူဦးရေထူထပ်စွာ မှီတ င်းနေထိုင်လျက်ရှိသော မြို့များကိုလည်းကောင်း၊ စီးပွားရေးဖွံ့ဖြိုးမှု အခြေခံကောင်းများတည်ရှိနေသော ဒေသများကိုလည်းကောင်း၊ ဗဟိုပြု၍ ဆက်စပ်လျက်ရှိသည့် နယ်မြေအစိတ်အပိုင်းအားလုံး တစ်ဆက်တစပ်တည်း လွှမ်းခြုံ ဖွံ့ဖြိုးတိုးတက်လာစေရန် ဦးတည်ဆော င်ရွက်နေခြင်း ဖြစ်ပါသည်။ ဖွံ့ဖြိုးရေး ဒေသကြီး(၂၄)ခုဟူ၍ သတ်မှတ် ဆောင်ရွက်နေသော်လည်း ဖွံ့ဖြိုးရေးစီမံကိန်းများ ဖြည့်ဆည်း ဆောင်ရွက်ပေးရာတွင် ကွက်လပ်အဖြစ် ကျန်ရစ်ခဲ့သော ပြည်ထောင်စု နယ်မြေအစိတ်အပိုင်းဟူ၍ မရှိအောင် ထပ်မံဖြည့်ဆ ည်း ဆောင်ရွက်ပေးနေသည်ကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ပြည်ထောင်စုအတွင်းရှိ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ် စသည့် နယ် မြေဒေသအားလုံးသည်လည်း မိမိတို့ ဆက်စပ်တည်ရှိနေသော ဒေသကြီးများအလိုက် ထူထောင်ပေးသော ဖွံ့ဖြိုးရေးစီမံကိန်းများကို မျှမျှတတ ခံစားနိုင်ရန် ယခုလို ကွက်လပ်ဖြ ည့် ဆောင်ရွက်နေသော စီမံကိန်းများကိုလည်း အကောင်အထည်ဖေါ်ပေးခြင်း ဖြစ်ပါသည်။

ချင်းပြည်နယ်တွင် (၁၆-၁၂-၂၀၀၈)ရက်နေ့မှစတင်၍ အစိုးရ စက်မှုလက်မှုသိပ္ပံဟားခါးကို ဖွင့်လှစ်ပေးခဲ့ ပြီး လူသားအရင်းအမြစ်များ ပျိုးထောင်ပေးလျက်ရှိရာ (A.G.T.I) ပထမနှစ်တွင် (၆၃) ဦး၊ (A.G.T.I) ဒုတိယနှစ်တွင် (၃၂) ဦး၊ (B-Tech) ပထမနှစ်တွင် (၂၅) ဦး၊ စုစုပေါင်း (၁၂၀) ဦး ပညာသင်ကြားလျက်ရှိပါသည်။ (B-Tech)ဒုတိယနှစ် အောင်မြင်ပြီး (B.E) တက်ရောက်မည့် သင်တန်းသားများ သတ်မှတ်အရေ အတွက် ရရှိလာပါက အစိုးရနည်းပညာကောလိပ် အဆင့်မြ င့်တင်၍ ဖွင့် လှစ်သင်ကြားပေးမည် ဖြစ်ပါသည်။ ကွန်ပျူတာဘာသာရပ်

သင်ကြားလိုသူများ ရှိပါကလည်း ၎င်း ကောလိပ်၌ I.T ဌာနရှိပါသဖြင့် ကွန်ပျူတာဘာသာရပ် သင်ယူနိုင်သော အခွင့်အလမ်းများရရှိမည် ဖြစ်ပါသည်။ အလားတူ စက်မှုလက်မှုသိပ္ပံ၊ အစိုးရ နည်းပညာကောလိပ်နှင့် နည်းပညာတက္ကသိုလ်များသို့ တစ်ဆင့်ပြီးတစ်ဆင့် မြှင့်တင်ပေးသွားမှာ ဖြစ်ပါသည်။ပညာသင်ကြားလိုသောကျောင်းသားအရေအတွက်စုဝေးတည်ရှိနေမှုအပေါ် မူတည် လျက် မျိုးဆက်သစ်သိပ္ပံနှင့် နည်းပညာရှင်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးရေး အတွက် စီစဉ် ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

လက်ရှိအချိန်တွင်လည်းဝိဇ္ဇာသိပ္ပံပညာရပ်များ၊အင်ဂျင်နီယာပညာနှင့် ကွန်ပျူတာ ပညာများ အလွယ်တကူသင်ယူနိုင်ရန်ကလေးမြို့တွင်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊နည်းပညာ တက္ကသိုလ် နှင့် ကွန်ပျူတာ တက္ကသိုလ်များ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ချင်းပြည်နယ် မြောက်ပိုင်းမှ ကျောင်းသား(၃၁၈)ဦး၊ကျောင်းသူ(၄၂၃)ဦး၊စုစုပေါင်း(၇၄၁)ဦးသည်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ကလေး ၌လည်းကောင်း၊ ကျောင်းသား(၈၅)ဦး၊ ကျောင်းသူ(၅၆)ဦး၊ စုစုပေါင်း (၁၄၁)ဦးသည် နည်းပညာ တက္ကသိုလ်ကလေး၌လည်းကောင်း၊ ကျောင်းသား(၆)ဦး၊ ကျောင်းသူ(၂)ဦး၊ စုစုပေါင်း(၈)ဦးသည် ကွန်ပျူတာတက္ကသိုလ်ကလေး၌ လည်းကောင်း ပညာသင်ကြားလျက်ရှိပါသည်။ ချင်းပြည်နယ် တောင်ပိုင်းမှကျောင်းသား(၁၃၉)ဦး၊ ကျောင်းသူ (၈၇)ဦး၊ စုစုပေါင်း (၂၂၆)ဦးသည် ဝိဇ္ဇာသိပ္ပံ တက္ကသိုလ် ပခုက္ကူတွင် လည်းကောင်း၊ ကျောင်းသား (၃၀)ဦး၊ ကျောင်းသူ (၂၀)ဦး ၊ စုစုပေါင်း (၅၀)ဦးသည် နည်းပညာတက္ကသိုလ်ပခုက္ကူတွင် လည်းကောင်း၊ ကျောင်းသား (၂)ဦး၊ ကျောင်းသူ (၁)ဦး၊ စုစုပေါင်း(၃)ဦးသည် ကွန်ပျူတာတက္ကသိုလ်ပခုက္ကူတွင် လည်းကောင်း၊ အသီးသီး တက်ရောက်သင်ကြားလျက်ရှိပါသည်။

ချင်းပြည်နယ်အတွင်း မှီတင်းနေထိုင်လျက်ရှိသော တိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးရာတွင် ခေတ်မီဆေး ဝါးပစ္စည်းကိရိယာများကို အသုံး ပြု၍ ကုထုံးနည်းစနစ်သစ်များဖြင့် ရောဂါရှာဖွေကုသရေး၊ ကာကွယ်ရေးလုပ်ငန်းများကို ပိုမိုရရှိခံစားနိုင်စေရန်အတွက်လည်းကောင်း၊ ချင်းပြည်နယ်တွင်း ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းတိုးတက်မြင့်မားလာစေရန်အတွက် လည်းကောင်း၊ ဆေးရုံပေါင်း (၂၄)ရုံ၊ လူနာ ခုတင်ပေါင်း(၉၉၀)ဖြင့် အောက်ပါအတိုင်း အထူးကုဘာသာရပ် (၁၇)မျိုး ပါဝင်တဲ့ ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး(၂)ရုံမှာ ဟားခါးမြို့ ၊ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးနှင့် ဖလမ်းမြို့ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး တို့ဖြစ်ပါတယ်။ အထူးကုဘာသာရပ် (၉) မျိုး

ပါဝင်တဲ့ ခုတင် (၁၀၀)ဆံ့ ပြည်သူ့ ဆေးရုံကြီး (၂)ရုံမှာ တီးတိန်မြို့ ခုတင် (၁၀၀)ဆံ့ ပြည်သူ့ ဆေးရုံကြီးနှင့် မင်းတပ်မြို့ ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတို့ဖြစ်ပါတယ်။ ခုတင် (၅၀)ဆံ့ ပြည်သူ့ဆေးရုံ (၁)ရုံမှာ မတူပီမြို့ ခု တင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံ ဖြစ်ပါတယ်။ (၂၅) ခုတင်ဆံ့ ပြည့်သူ့ဆေးရုံ ၄ ရုံမှာ ထန်တလန်မြို့ (၂၅ )ခုတင်ဆံ့ ပြည်သူ့ဆေးရုံ၊ တွန်းဇံမြို့ (၂၅ ) ခုတင်ဆံ့ ပြည်သူ့ဆေးရုံ၊ ပလက်ဝမြို့ (၂၅ )ခုတင်ဆံ့ ပြည်သူ့ဆေးရုံ၊ကန်ပက်လက်မြို့ (၂၅) ခုတင်ဆံ့ ပြည်သူ့ဆေးရုံ တို့ဖြစ်ပါတယ်။ (၁၆) ခုတင်ဆံ့ ပြည်သူ့ဆေးရုံ (၁၅) ရုံမှာ ဆူရ်ခွါး တိုက်နယ်ဆေးရုံ၊ တီဘွားလ်တိုက်နယ်ဆေးရုံ၊ ရိခေါဒါရ်တိုက်နယ်ဆေးရုံ၊ လုမ်ဘန်းတိုက်နယ် ဆေးရုံ၊ တုတ်လှိုင် တိုက်နယ်ဆေးရုံ၊ လှိုင်တီးတိုက်နယ်ဆေးရုံ၊ ထွီးထန်တိုက်နယ်ဆေးရုံ၊ မှောင်တလန်တိုက်နယ် ဆေးရုံ၊ လုံလဲရ်တိုက်နယ်ဆေးရုံ၊ ကျီခါးတိုက်နယ်ဆေးရုံ၊ ဝမ္မသူး တိုက်နယ်ဆေးရုံ၊ ရေဇွာ တိုက်နယ်ဆေးရုံ၊ လိုင်လင်းပီတိုက်နယ်ဆေးရုံ၊ ဆမီးတိုက်နယ်ဆေးရုံ၊ ကျင်ဒွေးတိုက်နယ်ဆေးရုံ၊ ကျူတိုက်နယ်ဆေးရုံတို့ အသီးသီးဖြစ်ကြပါတယ်။

အလားတူ ချင်းပြည်နယ်၏ကျန်းမာရေး စောင့်ရှောက်မှုအဆင့်အတန်း ပိုမိုမြင့်မား တိုးတက်စေရေးအတွက် ကျေးလက်ကျန်း မာရေးဌာန(၅၉)ခု၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာန (၉)ခု၊တိုင်းရင်းဆေးကုဌာန(၈)ခု၊သူနာပြုသင်တန်းကျောင်း(၁)ကျောင်းတို့ကိုဖွင့်လှစ်ဆောင်ရွက် လျက် ရှိပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ဖွံ့ဖြိုးရေးဒေသကြီးများ ပိုင်းခြားသတ်မှတ် ဆောင်ရွက်ရခြင်း ၏ ရည်ရွယ် ချက်မှာ ဒေသကြီးတစ်ခုစီအတွင်း ပါဝင်နေသည့် ဦးစားပေး နေရာဒေသများကို ဗဟိုချက်ပြု၍ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အ ခြေခံအဆောက်အအုံများ ထူထောင်ပေးကာ ယင်းထူထောင်ထားရှိတဲ့ အခြေခံအဆောက်အအုံများဟာယင်းဒေသကြီး အတွင်းရှိ တိုင်းရင်းသား ပြည်သူအားလုံး မျှ ဝေခံစားနိုင်စေရန် စီစဉ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ဗဟိုချက်နေရာများမှ တစ်ဆင့် ဆက်စပ်လျက်ရှိသော အစိတ်အပိုင်း အားလုံး ဆက်စပ်တိုးတက် ဖွံ့ဖြိုးလာစေရန် ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ ချင်းပြည်နယ်ကို ဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် လူဦးရေ သိပ်သည်းမှုမှာ သဘာ ဝပထဝီအနေအထားအရ နေရာအနှံ့ ပြန့်ကြဲတည်ရှိနေသဖြင့် ဖွံ့ဖြိုးရေး ဒေသ(၁)ခုဟူ၍ သတ်မှတ်ခြင်းမပြုဘဲ ချင်းပြည်နယ် တစ်ခုလုံး အတွက် ဆက်စပ် တည်ရှိနေမှု အပေါ် မူတည်ပြီး ဖွံ့ဖြိုးရေး ပြည်ထောင်စုနယ်မြေကြီးအဖြစ် သတ်မှတ်၍ ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု ပိုင်းခြားသတ်မှတ်ရာတွင် ချင်းပြည်နယ် ဟူ၍ သီးခြားအမည်နာမ ပါ ဝင်ခြင်းမရှိသော်လည်း ကျန်းမာရေးကဏ္ဍအနေဖြင့် ပြ ည်နယ် တစ်ခုလုံးကို လွှမ်းခြုံသလောက်ရှိနေပြီ ဖြစ်ပါသည်။ ဒါ့အပြင် ပြည်နယ်တစ်ခုလုံးကဏ္ဍစုံမှ ဖွံ့ဖြိုး တိုးတက်ရေးအတွက် စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြင့်မားလာပြီး သင့်တင့်သော အ ခြေအနေ ရောက်ရှိလာသည်နှင့်အမျှ ပညာရေး ကဏ္ဍကိုလည်း အနီးစပ်ဆုံး ပိုမိုဖြည့်ဆည်း သွားနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားတင်ပြရင်း နိဂုံးချုပ်အပ်ပါသည်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ။** ။ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း မေးခွန်းနှင့် ဒါမှမဟုတ်ရင်ကလေးကို ချင်းပြည်နယ်ထဲထည့်ဖို့ ရှိ /မရှိနဲ့ ပတ်သက်လို့ မရှိ ကြောင်း ဖြေကြား ပါတယ်။ဒီနေရာမှာဥက္ကဋ္ဌအနေနဲ့သတိပေးချင်တာကတော့မေးခွန်းမေးမြန်းသော အဆိုတင်သွင်း သော ကိုယ်စားလှယ်များအနေနဲ့ လက်တွေ့မေးမြန်း တဲ့အခါမှာ မူလစာနဲ့ တင်ပြထားတဲ့အတိုင်း မေးမြန်းဖို့၊ မူလစာနဲ့ တင်ပြထားတဲ့အတိုင်း အဆိုတင်သွင်းဖို့ ဖြစ်ပါ တယ်။ ဒါကြောင့်လဲ အဆိုကို (၁၅)ရက်ကြိုတင်တင်သွင်းဖို့၊ မေးခွန်းကို(၁၀)ရက်ကြိုတင်တင်သွင်းဖို့၊ သတ်မှတ်ထားခြင်းအားဖြင့် မေးတဲ့ ပုဂ္ဂိုလ်ဘက်ကပြင်ဆင်ချိန်ရအောင် ၊ ဖြေတဲ့ပုဂ္ဂိုလ်ဘက်ကပြင်ဆင်ချိန်ရအောင်လွှတ်တော်ရဲ့ လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်တာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မေးမြန်းခြင်း အစီအစဉ်ပြီးဆုံးပါပြီ ၊ အမျိုးသားလွှတ်တော်အစည်းအဝေးကို မိနစ် (၃၀)ရပ်နားပြီး ၁၁း၃၀ မှာ ပြန်လည်ကျင်းပမှာဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကို ၁၁း၀၀ နာရီအချိန်တွင် ရပ်နားပြီး ၁၁း၃၀နာရီ အချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး၊** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အစည်းအဝေးပြန်လည် စတင်တော့မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး၊** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးကျွန်ခဲန်း၊ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ လက်ရှိလစာနှုန်းထားမမီသောတပ်မတော်မှ အငြိမ်းစားများနှင့်အစိုးရဌာန အသီးသီးမှ အငြိမ်းစားများ၏ ပင်စင်လစာကိုမိမိရာထူးအလျောက် လစာငွေအတိုင်း တိုးမြှင့်ပေးရန် အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၃၄။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း တင်သွင်းထားသည့် လက်ရှိလစာနှုန်းထားမမီသော တပ်မတော်မှ အငြိမ်းစားများနှင့် အစိုးရဌာနအသီးသီးမှ အငြိမ်းစားများ၏ ပင်စင်လစာကို မိမိရာထူးအလျောက် လစာငွေအတိုင်း တိုးမြှင့်ပေးရန် အဆိုကို ဆွေးနွေးဖို့ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက တင်သွင်းထားပါတယ်။ ယခုရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ ဦးစိုင်းဝင်းမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၅။**

**ဦးစိုင်းဝင်းမောင်၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊တိုင်းဒေသကြီး နှင့် ပြည်နယ်အသီးသီးတို့မှ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား ။ အားလုံးကို မင်္ဂလာပါလို့

နှုတ်ခွန်းဆက်သပြီး အားလုံး ကာယသုခ၊စိတ္တသုခ နှစ်ဖြာသော သုခအပေါင်းနှင့်ခညောင်းနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းဝင်းမောင် ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးရမယ့် အဆိုကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးကျွန်ခဲန်းရဲ့ လက်ရှိလစာနှုန်း ထားမမီသော တပ်မတော်မှ အငြိမ်းစားများနှင့် အစိုးရ ဌာနအသီးသီးမှ အငြိမ်းစားများ၏ ပင်စင်လစာကို မိမိရာထူးအလျောက် လစာငွေအတိုင်း တိုးမြှင့်ပေးရန်အဆိုပဲ ဖြစ်ပါတယ်။ ဒီအဆို ကို ကျွန်တော် ပြုပြင်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လစာဟောင်းဖြင့် အငြိမ်းစားယူတဲ့ ဝန်ထမ်းများ၏ လစာနှင့် လစာသစ်ဖြင့် အငြိမ်းစားယူသော ဝန်ထမ်းများရဲ့ လစာဟာ ကွာဟမှုများနေပါတယ်။ နိုင်ငံတော်အစိုးရက ၁၉၈၈ ခုနှစ်နောက်ပိုင်း ဝန်ထမ်းများရဲ့ လစာကို အလီလီတိုးပေးလိုက်တိုင်း တိုးပေးလိုက်တဲ့အခါတိုင်း လစာဟောင်းအငြိမ်းစားဝန်ထမ်းများအဖို့ ရာဂဇာန်းနှင့် ထောင်ဂဇာန်းမျှသာ ရှိတဲ့အတွက် လစာဟော င်း အငြိမ်းစားဝန်ထမ်းတစ်ဦးအတွက် စားဝတ်နေမှု မဖူလုံဘဲရှိခဲ့သည်မှာ မှန်ကန်ပါတယ်။ ဒီလို မဖူလုံရခြင်းကိုလည်း နိုင်ငံတော်အနေနဲ့ သိရှိနားလည်လက်ခံပြီး အကြိမ်ကြိမ်ဆွေးနွေးခဲ့ကြတာကိုလည်း သိရှိရပါတယ်။

လစာ (သို့မဟုတ်) ပင်စင်တိုးမြှင့်ဖို့ဆိုလို့ရှိရင် ယခုလောလောဆယ်ဆယ် လွယ်လွယ်နဲ့ဆုံးဖြတ်လို့မရပါဘူး။ တိုးပေးသင့်လို့ တိုးပေးလိုက်ပြန်လျှင်လည်း ကုန်ဈေးနှုန်းလိုက်ပြီးမြင့်တဲ့ အတွက်ကြောင့် ငွေကြေးဖောင်းပွမှုကို ပင်စင်စားသမားအတွက် တကယ်တမ်းအကျိုးခံစားရမှာမဟုတ်ပါဘူး။ အဓိကလိုအပ်ချက်ကတော့ နိုင်ငံတော်ရဲ့ ကုန်ထုတ်လု ပ်မှုမြင့်မားလာမှ နိုင်ငံတော် ဟာကြွယ်ဝချမ်းသာလာပါမယ်။ နိုင်ငံတော် ကြွယ်ဝချမ်းသာလာမှ မိမိစောင့်ရှောက်ရမယ့်သူများကို စောင့်ရှောက်နိုင်မှာဖြစ်ပြီး တိုးမြှင့်ပေးလိုက်တဲ့ လစာအပေါ်မှာ အပြည့်အဝခံစားရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ပထမကုန်ထုတ်လုပ်မှု မြင့်မားအောင် ဦးစားပေးပြီး ပြည် သူတစ်ဦးချင်းတစ်ဦးချင်းကိုလည်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ထောင်ရန် ဝိုင်းဝန်းကူညီဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် အခုဝန်ထမ်းဟောင်းများရဲ့ လစာ / အငြိမ်းလစာကို တိုးမြှင့်ပေးရေးကိစ္စဟာ နိုင်ငံတော်ရဲ့ လက်ရှိဘဏ္ဍာရေး အ ခြေအနေအရ

လည်းကောင်း၊ အငြိမ်းစားဝန်ထမ်းဟောင်းများကို စာရင်းပြုစုရာမှာ တိကျတဲ့စာရင်းရရှိနိုင်ရန် ခက်ခဲမှုရှိနေတဲ့အတွက်ကြောင့်လည်းကောင်း၊ လစာတိုးမြှင့်သတ်မှတ်ခြင်း၏ နောက်ဆက်တွဲ ဖြစ်သော ငွေကြေးဖောင်းပွမှု အကျိုးဆက်များကို ထည့်သွင်းစဥ်းစားရသည့်အတွက်ကြောင့် လောလောဆယ်ဆယ်ကာလမှာ ဖြစ်နိုင်ချေ မရှိသေးကြောင်း တွေ့ရမှာဖြစ်ပါ တယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံ ဟာ ဒီမိုကရေစီနိုင်ငံအဖြစ် ခိုင်မာစွာရပ်တည်နိုင် သည့် အချိန်တွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (ခ)အရ နိုင်ငံတော်သည် အငြိမ်းစားဝန်ထမ်းများ စားဝတ်နေမှု သက်သာ ချောင်ချိရေးအတွက် လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းရမည်လို့ ဖော်ပြထားသည့်အတိုင်း လစာဟောင်းဝန်ထမ်းများ မျှော်လင့်တောင့်တနေ တဲ့ လစာသစ်ကို အ ခြေခံဥပဒေနှင့်အညီ အ ခြေအနေ အချိန်အခါအရ နိုင်ငံတော်က ထိုက်သင့်တဲ့ အချိန်တွင် ဆောင်ရွက်ပေးလိမ့်မယ်လို့ ယုံကြည်ပါတယ်။ နိုင်ငံတော် ထံမှ ရယူလိုမှု တစ်ခုတည်း အရ အတင်အကျပ်တောင်းဆိုမှုများ ပြုလုပ်ရန် မသင့်တော်ပါ ကြောင်းဆွေးနွေးရပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ၊** ။ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်းက လက်ရှိလစာနှုန်း ထားမမီသော တပ်မတော်မှအငြိမ်းစားများနှင့် အစိုးရ ဌာနအသီးသီးမှ အငြိမ်းစားများ၏ ပင်စင်လစာကို မိမိရာထူးအလျောက် လစာငွေအတိုင်း တိုးမြှင့်ပေးရန် တင်သွင်းထားတဲ့ အဆိုကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၈။**

**ဦးလှထွန်း (ဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီးမင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။ကျွန်တော်ကတော့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းဖြစ်ပါတယ်။ ခုနအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးအမိန့်ရှိခဲ့တဲ့ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးကျွန်ခဲန်းရဲ့တင်ပြချက်မှာ လက်ရှိလစာနှုန်းထားမမီသောတပ်မတော် မှအငြိမ်းစားများနှင့် အစိုးရဌာနအသီးသီးမှအငြိမ်းစားများ၏ ပင်စင်လစာကို ရာထူးအလျောက် လစာနှုန်းထားများအတိုင်း တိုးမြှင့်ပေးရန် ဆိုတဲ့ကိစ္စနှင့် ပတ်သက်ပြီး တင်ပြထားတာ ရှိပါတယ်။

ဒီတင်ပြချက်ကို ရှင်းလင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ခုန ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၅) က ဦးစိုင်းဝင်းမောင် ရှင်းလင်းဆွေးနွေးသွားတာလဲ အင်မတန်ကောင်းတဲ့ အနေအထား ဆွေးနွေးချက် ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ လက်ရှိကျင့်သုံးနေတဲ့ ပင်စင်စနစ်ကို ရှေးဦးစွာ တင်ပြလိုပါတယ်။ ကျွန်တော်တို့ရဲ့ လက်ရှိ ကျင့်သုံးနေ တဲ့ ပင်စင်စနစ်ကဖြင့် အငြိမ်းစား လစာဆိုင်ရာ တည်ဆဲဥပဒေ ၊ နည်းဥပဒေများနဲ့အညီ ကျွန်တော်တို့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့နိုင်ငံဟာ ကျွန်တော်တို့ရဲ့ပင်စင်စနစ်ဟာ တခြားနိုင်ငံတွေမှာတော့ တစ်ချို့တစ်ချို့သော နိုင်ငံတွေမှာ နိုင်ငံ့ဝန်ထမ်းတွေရဲ့ လစာ ထဲက ထည့်ဝင်ရပါတယ်။ တချို့က စုဆောင်းငွေအနေနဲ့ ထည့်ဝင်ရတာရှိပါတယ်။ ဒီလိုထည့်ဝင်တဲ့အပေါ်မှာ ပင်စင်ကို ဆောင်ရွက်ပေးတာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံတွေ အနေနဲ့ကတော့ ဒီလိုမဟုတ်ဘဲနဲ့ နိုင်ငံတော်ရဲ့ ဘတ်ဂျက်က နေပြီးတော့မှ တာဝန်ယူကျခံပြီး ဝန်ထမ်း လုပ်သက်ပေါ်မှာ အ ခြေပြု တွက်ချက်ခံစားစေတဲ့ ပင်စင်စနစ်ဖြစ်ပါတယ်။ပင်စင်စနစ်နဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ရဲ့ ခုနပြောခဲ့တဲ့ တည်ဆဲဥပဒေ၊ နည်းဥပဒေအတိုင်းဆောင်ရွက်လာခဲ့တာဟာလည်း နှစ်အဆက်ဆက်ပဲ ဖြစ်ပါတယ်။ ဒီနှစ်အဆက်ဆက်မှာပင်စင်နဲ့ ပတ်သက်ပြီးဆောင်ရွက်ခဲ့တာလေးတွေကိုလည်း ကျွန်တော်ထပ်မံရှင်းလင်းတင်ပြလိုပါတယ်။ နိုင်ငံတော်အစိုးရဟာ ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရပြီးတဲ့ နောက်ပိုင်း နိုင်ငံ့ဝန်ထမ်းများရဲ့ ပင်စင်အကျိုးခံစားခွင့်များကို နှစ်အလိုက် ကျွန်တော်တို့ ပြင်ဆင်ဆောင်ရွက်ခဲ့တာ တွေရှိပါတယ်။ ဒါတွေဟာဆိုရင်ပထမဦးဆုံး ၁၉၅၆ ခုနှစ်မှာ ဝန်ထမ်းပင်စင် သာမကဘဲနဲ့ မိသားစုပင်စင်ကို စတင်ပေးခဲ့ပါတယ်။ နောက်တစ်ခါ ၁၉၇၃ခုနှစ်မှာ မူလတုန်းက ပင်စင်အကျိုးခံစားခွင့်ဟာနှစ်(၃၀)ပဲရှိပါတယ်။ ၁၉၇၃ ခုနှစ်မှာ လုပ်သက်ကို နှစ်သုံးဆယ်အစား(၄၅)နှစ်အထိ တိုးမြှင့် ပေးခဲ့ပြီးတော့ မိသားစုပင်စင်ကိုလည်းပဲ မူလက(၁၀)နှစ်ပဲ ပေးနေရာကနေ (၁၅)နှစ်ထိ တိုးမြှင့် ပေးခဲ့ပါတယ်။ နောက်တစ်ဖန် ၁၉၇၇ ခုနှစ် အဲဒီ အချိန်မှာ ပင်စင်လစာအပေါ် မှာ နိုင်ငံတော်ရဲ့ လိုအပ်ချက်အရရှားပါးစရိတ်တွေ ထပ်မံပြီးတော့ ကျွန်တော်တို့ခွင့်ပြုပေးခဲ့ပါတယ်။ နောက်တစ်ဖန် ၁၉၈၈ ခုနှစ်မှာ ပင်စင်လစာ အပေါ်မှာ ထပ်မံပြီးတော့မှ အပိုထောက်ပံ့ကြေး ထပ်မံပြီးတော့ခွင့်ပြုပေးခဲ့ပါတယ်။၁၉၈၉ခုနှစ်မှာတော့မူရင်းပင်စင်အပေါ်မှာ ယာယီဆောင်းငွေနဲ့ အပိုထောက်ပံ့ကြေးပေါင်းပြီးတော့မှ ပင်စင်လစာအဖြစ် တိုးမြှင့် သတ်မှတ်ပေးတဲ့အပြင် အဲဒီအချိန် အဲဒီကာလမှာ ပင်စင်လစာဟာ မူလတုန်းက (၆၀၀)ထက်မပိုရ ဆိုတဲ့မူကိုလည်း ပယ်ဖျက်ပေး ခဲ့ပါတယ်။ ၁၉၉၃ ခုနှစ်မှာတော့ ပင်စင်လစာကို လိုအပ်ချက်အရ ၂၅% ထပ်မံပြီး

တိုးမြှင့်ခွင့်ပြုပေးခဲ့ပါတယ်။ ၁၉၉၄ ခုနှစ်မှာ မိသားစုပင်စင်တွေကို ဝန်ထမ်းပင်စင်လစာ ရဲ့မူလ တစ်ဝက်ပဲ ပေးခဲ့ရာမှ မိသားစုပင်စင်ကို လေးပုံသုံးပုံထိ တိုးမြှင့်ပေးခဲ့ပါတယ်။ ဇနီး /ခင်ပွန်း တို့အတွက် ယခင်ခံစားခွင့် (၁၅)နှစ်အစား ကွယ်လွန်သွားတဲ့အချိန်အထိ တိုးမြှင့်ခံစားခွင့်တွေ ပေးခဲ့ပါတယ်။ နောက်ဆုံးကျွန်တော်တို့ ၂၀၁၀ ပြည့်နှစ်မှာတော့ လိုအပ်ချက်အရ ပင်စင်လစာ များကိုနှစ်ဆတိုးမြှင့်ပေးခြင်းကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါကတော့ ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးရပြီး နောက်ပိုင်းဝန်ထမ်းများရဲ့ပင်စင်နဲ့ပတ်သက်ပြီးတော့ ဆောင်ရွက်ပြီးခဲ့ တာကို ရှင်းလင်းတင်ပြခဲ့ခြင်းဖြစ်ပါတယ်။ အခုလည်းပဲ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးကျွန်ခဲန်းရဲ့ တင်ပြချက်အရ ကျွန်တော်တို့ဟာ လောလောဆယ် အငြိမ်းစား လစာတိုးမြှင့် ပေးခြင်းကို ဆောင်ရွက်ဖို့ရာမှာ လက်ရှိနိုင်ငံတော်ရဲ့ ဖွံ့ ဖြိုးတိုးတက်မှု အခြေအနေ၊ ငွေကြေး ဖောင်းပွမှုနှုန်း Inflation ခေါ်ပါတယ်။ နိုင်ငံတော် အတွင်း လှည့်လည် သုံးစွဲငွေ CIC Currency in circulation ၊ ကုန်ဈေးနှုန်းအ ခြေအနေ၊ တစ်မျိုးသားလုံးရဲ့ ပြည်တွင်း အသားတင်ထုတ်လုပ်မှုနဲ့ ဝ န်ဆောင်မှုတန်ဘိုး GDP ၊ ဒီလို အခြေအနေပေါ်မှာ အခြေခံပြီးတော့မှ ကျွန်တော်တို့ စဉ်းစားဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပါဝင် ဆွေးနွေးခဲ့တဲ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းဝင်းမောင်ပြောခဲ့ သလိုပဲ ကျွန်တော်တို့ ဒါနဲ့ပတ်သက်ပြီးတော့ ဦးကျွန်ခဲန်းရဲ့ တင်ပြချက်ကို ကျွန်တော့်အ နေနဲ့ ပြောလိုတာက ဒီကိစ္စရပ် တွေကြောင့် ဒီအဆိုကိုတော့ ကျွန်တော်တို့ ပြန်လည်ရုပ်သိမ်းပေးနိုင်ဖို့ အတွက် မေတ္တာရပ်ခံ အပ်ပါတယ်လို့ ကျွန်တော်တော့ ရှင်းလင်းတင်ပြရင်း ကျေးဇူးတင် ပါတယ်။(ဩဘာသံများ)

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ**။ ။ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးကျွန် ခဲန်းရဲ့အဆိုကို ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ ဦးစိုင်းဝင်းမောင်က လောလောဆယ်မသင့်သေးကြောင်း ဆွေးနွေးတဲ့ နည်းတူ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းက ရှင်းလင်းတင်ပြ ပြီးတဲ့အခါမှာဒီအဆိုကိုပြန်လည်ရုပ်သိမ်းဖို့မေတ္တာရပ်ခံသွားပါတယ်။ မူလအဆိုရှင် ဦးကျွ န်ခဲန်း က မိမိရဲ့ အဆိုကို ရုပ်သိမ်းလိုခြင်း ရှိ/ မရှိကို တင်ပြပါမယ်။

**အချိန်၊ ၁၁း၅၁။**

**ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အဆိုကို

အခုလို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးကသော်လည်းကောင်း၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းဝင်းမောင်က သော်လည်းကောင်း အကြေအလည် ဆွေးနွေးပေးတဲ့အတွက်ကြောင့် ကျွန်တော်အထူးပဲဝမ်းသာပါတယ်။သိရသောကြောင့်လည်း ဝမ်းသာပါတယ်။ ပင်စင်နဲ့ ပတ်သက်ပြီးမှ ကျွန်တော် တို့ ၂၀၀၆ ခုနှစ်တုန်းကစတဲ့ တိုးခဲ့တဲ့ လစာနှုန်းထားပေါ်ကမှ ဒီပြဿနာလို့ပဲ ခေါ်ရမှာပေါ့။ ဒီပြဿနာဟာ အဲဒီကနေ ပေါ်ပေါက်လာခဲ့တာ ဖြစ်ပါတယ်။ အရင်တုန်းက အစီရင်ခံခဲ့သလိုပဲ အဲဒီကစပြီးမှဝန်ထမ်းရဲ့ ပင်စင်လစာဟာဝန်ထမ်းအဆ(၇)ဆလောက်ကွာခြားသွားပါတယ်။ အဲဒီမှာ ဝန်ထမ်းထဲမှာ ပင်စင်စားတွေထဲမှာ စိ တ်ဝမ်းကွဲမှုများ အမျိုးမျိုးပေါ်လာခဲ့ပါတယ်။ အဲဒါကို ကျွန်တော်တို့ ဖြေရှင်းနိုင်တဲ့နည်းလမ်း ရှိမလားဆိုပြီး အဲဒီလိုတင်ပြရခြင်းပဲဖြစ်ပါတယ်။ နောက်ပြီး ကျွန်တော်တို့ဟာ ဒီမဲဆွယ်ကာလ ပေါ့နော်။ မဲဆွယ် ကာလတုန်းက မဲဆွယ်နယ်ဆင်းတဲ့အခါမှာအများဆုံးအမေးအမြန်းထူဆုံးကတော့ ဒီပင်စင်ကိစ္စပဲ။ ပင်စင်တိုးပေးမလား၊ လစာတိုးပေးမလား ဆိုတဲ့ အဲဒီမေးခွန်းကိုတော့ အထူးအ ပြောဆုံး မေးမြန်းကြပါတယ်။ ခုန ဦးစိုင်းဝင်းမောင်တို့ အနေနဲ့ နယ်မဆင်းလို့လား မသိဘူး။ ကျွန်တော်တို့ ဟာ၊ ကျွန်တော်တို့ အစိုးရဟာ ပြည်သူအတွက်သာ အစိုးရဖြစ်ရမယ်။ အဲဒီလို ကျွန်တော် တို့ ခံယူချက်ရှိတဲ့ အတွက်ကြောင့်ရယ်။ နောက် ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေဆိုင်ရာ ပုဒ်မ ၁၂၇ ၊ အပိုဒ်ငယ် (က)နဲ့(ခ)မှာ ဖော်ပြထားတာ နိုင်ငံတော်နဲ့ နိုင်ငံသားများအ တွက် အကျိုးကို ကိစ္စဆိုပြီးတော့ပါလာတယ်။အဲဒါကြောင့် ကျွန်တော့်အနေနဲ့ နိုင်ငံတော်နဲ့နိုင်ငံသား များအတွက် ဆိုပြီးမှရည်ညွှန်းပြီးမှဒီပင်စင်ခံစားတဲ့ပင်စင်စားဝန်ထမ်းများရဲ့ ပင်စင်လစာနှုန်းထားကို တိုးပေးနိုင်ရင်ကောင်းမယ်ဆိုပြီးမှ ကျွန်တော့် အဆိုကို တင်သွင်းထားခြင်း ဖြစ်ပါတယ်။ အခုလို တိုင်းပြည်ရဲ့ အခြေအနေ၊တိုင်းပြည်ရဲ့ဘဏ္ဍာရေးကျပ်တည်းမှု အခြေအနေတွေလည်း နားမလည်ပါဘူး။ ကျွန်တော် ဒီနေပြည်တော်ရောက်တဲ့ အခါမှာ ဒီကြီးကျယ်ခမ်း နားတဲ့ အဆောက်အအုံများတွေ့ခဲ့တယ်။လမ်းလည်းကောင်းတယ်။လမ်းပန်းလည်းကောင်းတယ်။နောက် မီး၊အဆောက်အအုံ ဟီးနေအောင် တွေ့မြင်တဲ့အခါမှာ ကျွန်တော်တို့ တိုင်းပြည်ဟာ မဆင်းရဲပါလား။ တယ်ပြီးတော့ ချမ်းသာပါလား။ တခြားတိုင်းနိုင်ငံခြားကနေပြီးတော့ ကျွန်တော်တို့နိုင်ငံကို ဆ င်းရဲတဲ့နိုင်ငံလို့ သတ်မှတ်တယ်။ကျွန်တော်တို့ကတော့ဆင်းရဲတဲ့ နိုင်ငံလို့ လုံးဝမသတ်မှတ်ပါဘူး။ ကောက်ပဲသီးနှံလည်းအများကြီးထွက်တယ်။ ကျွန်တော်တို့ကုန်ထုတ်လည်းအများကြီး ထွက်တယ်။ ကျွန်တော်တို့ တွေနဲ့ ဒီနယ်စပ်ကုန်သွယ်ရေးကအစပေါ့ နော်။ သွင်းကုန်လည်းရှိတယ်။ အဲဒါက အလကားသွင်း

လို့မရဘူး။ပိုက်ဆံရင်းပြီးမှသွင်းရတဲ့ဒီကုန်ပစ္စည်းများဖြစ်ပါတယ်။အဲဒါကြောင့် ကျွန်တော့်အနေနဲ့ ကျွန်တော်တို့တိုင်းပြည်ဟာ ချမ်းသာတဲ့ တိုင်းပြည်ဖြစ်ပါတယ် ဆိုပြီးတော့ ကျွန်တော့်အမြင်နဲ့ ကျွန်တော်တို့ ဒီလစာနဲ့ ပင်စင် လစာနည်းတဲ့ ဝန်ထမ်းများကို သူတို့ စိတ်ကျေနပ်လောက်အောင် ကျွန်တော်တို့တိုးပေးနိုင်လိမ့်မယ်လို့ဆိုပြီးတော့မှအဆိုတင်သွင်းထားခြင်းဖြစ်ပါတယ်။ ဒါပေမယ့် လို့ အခုန ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ရှင်းပြခဲ့တဲ့အတို င်း တိုင်းပြည်က အထဲက ကျွန်တော်ထင်သလောက် မချမ်းသာပါလား ဆိုတာ ကျွန်တော်သိရှိရလို့ ခုနကျွန်တော် အဆို တင်သွင်းထားတဲ့ ပင်စင်တိုးဖို့ကိစ္စကို ကျွန်တော် အခုပဲ ရုပ်သိမ်းလိုက်ပါတယ်။ ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးကျွန်ခဲန်းက အဆိုကို ပြန်လည်ရုပ်သိမ်းဖို့ ခွင့်တောင်းတဲ့ကိစ္စကို လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။ ဦးကျွန်ခဲန်း ရဲ့ အဆိုကို ပြန်လည်ရုပ်သိမ်းခွင့်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**အချိန်၊ ၁၁း၅၃။**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် ဦးကျွန်ခဲန်းရဲ့အဆိုကို ပြန်လည်ရုပ်သိမ်းခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ တိုင်းပြည်တာဝန်ထမ်းဆောင်နေကြသော တပ်မတော်နှင့် ဌာနဆိုင်ရာအမှုထမ်း အရာထမ်းများနှင့်၎င်းတို့၏ မိသားစုအားလုံးအတွက် လုံလောက်သောအခြေခံစားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းချိုသာစွာဖြင့်ဖြန့်ဝေဖြည့်ဆည်း ပေးရန် အဆိုတင်သွင်းခြင်းနှင့်လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၅၅။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုသစ်များ တင်သွင်းဖို့ဖြစ်ပါတယ်။ ချင်းပြည်နယ်မဲဆ န္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်းက တိုင်းပြည်တာဝန် ထမ်းဆောင်နေကြသော ဌာနဆိုင်ရာအရာထမ်းအမှုထမ်များနှင့်၎င်းတို့ရဲ့ မိသားစုစားဝတ်နေရေး လုံလောက်ဖို့အတွက် ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဝေဖြည့်ဆည်းပေးရန် အဆိုတစ်ရပ် တင်သွင်းလို ကြောင်း အမျိုးသားလွှတ်တော်သို့ပေးပို့ထားပါတယ်။ ဦးကျွန်ခဲန်းအဆိုတင်သွင်းဖို့ ဖြစ်ပါ တယ်။

**အချိန်၊ ၁၁း၅၆။**

**ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ဖလမ်းမြို့ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျွန်ခဲန်း ဖြစ်ပါတယ်။ ကျွန်တော်အဆိုတင်သွင်းချင်တာက အချက်(၄)ချက်မြောက်ဖြစ်ပါတယ်။ ကျွန်တော့် အမြင်ကတော့ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဒီတိုင်းပြည်တာဝန်ကို ထမ်းဆောင်တဲ့ လက်နက်ကိုင် တပ်ဖွဲ့များနှင့် ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများရဲ့ လစာနဲ့ ပတ်သက်ပြီးတော့ ကြပ်တည်းတဲ့ အပိုင်းမှာရှိတယ်ဆိုတာ အားလုံးသိတဲ့အတိုင်းဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ လစာတိုး တိုင်း ကုန်ဈေးနှုန်းက ကျော်ကျော်သွားတဲ့အခါမှာ လစာတိုးမြှင့်ခံရတဲ့ ဝန်ထမ်းတွေသာမကပဲနဲ့ တစ်ပြည်လုံး၊ တိုင်းပြည်မှာရှိတဲ့ လုပ်သားပြည်သူ အားလုံးကနေပြီး ကုန်ဈေးနှုန်းကြီးမြှင့်တဲ့ ဒဏ်ကိုခံနေရပါတယ်။ အဲဒါကြောင့် တစ်ဖက်တစ်လမ်းမှ ဒီကုန်ဈေးနှုန်းကို မတိုးအောင်၊ ကုန်ဈေးနှုန်း မျက်စိလည်သွားအောင် တိုင်းပြည်တာဝန်ထမ်းဆောင်တဲ့ တပ်မတော်နဲ့ဌာနဆိုင်ရာ အမှုထမ်း၊ အရာထမ်းအားလုံး ကိုသူတို့မိသားစုရဲ့ စားလောက်တဲ့ အခြေခံစားကုန်ကို ဈေးနှုန်း ချိုသာစွာဖြင့် လုပ်ပေးနိုင်ရင်ကောင်းမလား ဆိုတဲ့ အဆိုတင်သွင်းဖို့ လုပ်ထားခြင်းဖြစ်ပါတယ်။ အကြောင်း အမျိုးမျိုးကြောင့် ဒီကိစ္စကိုလည်း အခုနေကနေ မတင်ပြတော့ဘဲ ဦးစွာတင်တာကို ရုပ်သိမ်းပါ တယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဦးပေါ်လျှံလွင်၊ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ နိုင်ငံတော်အား ပုတ်ခတ်ဆန့်ကျင်သော အရေးအသားများမှအပ အခြားပညာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များကို လူမျိုးနွယ်စု (Tribe) များ၏ ဘာသာစကားဖြင့် စာအုပ်၊ စာစောင်၊ သတင်းစာများအား လွတ်လပ်စွာ ရေးသားထုတ်ဝေနိုင်ရေးအတွက် ခွင့်ပြုပေးပါရန် အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၅၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်က နိုင်ငံတော်အား ပုတ်ခတ်ဆန့်ကျင်သော အရေးအသား များမှအပ အခြားပညာရေး၊စီးပွားရေး၊လူမှုရေးကိစ္စရပ်များကို လူမျိုးနွယ်စုများ၏ ဘာသာစကား ဖြင့် စာအုပ်၊ စာစောင်၊ သတင်းစာများ အား လွတ်လပ်စွာ ရေးသားထုတ်ဝေနိုင်ရေး အတွက်

ခွင့်ပြုပေးပါရန်နှင့်စပ်လျဉ်းတဲ့ အဆိုတစ်ရပ်တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော် သို့ ပေးပို့ထားပါတယ်။ ဦးပေါ်လျှံလွင် အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၉။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးများ ခင်ဗျား။ ကျွန်တော်ရဲ့ အဆိုကို (၁၁)ရက်နေ့ (၃)လပိုင်း ပညာရေးဝန်ကြီးဌာန၏ ဦးဗညားရဲ့ အမေးအဖြေကို ဖြေကြားတဲ့အခါမှာ တစ်သဘောတည်း ထပ်နေတဲ့အတွက် ကျွန်တော်ရဲ့အဆိုကို ဆက်လက် မေးမြန်းရန် မလိုအပ်တော့ပါသဖြင့်အဆိုအားဆက်လက်မဆွေးနွေးတော့ပဲ ပြန်လည်ရုပ်သိမ်း လိုက်ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် အစည်းအဝေး ဒသမနေ့ ရပ်နားခြင်းနှင့် အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက် သတ်မှတ်ခြင်း

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ၊** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအမျိုးသား လွှတ်တော် ပုံမှန် အစည်းအဝေး ဒသမနေ့ကို ရပ်နားပါမယ်။ အမျိုးသား လွှတ် တော် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ်၊ မတ်လ ၁၆ ရက် (ဗုဒ္ဓဟူးနေ့) ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အခမ်းအနားမှူး၊** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

ကော်မတီ(၄)ရပ်မှ ကိုယ်စားလှယ်တော်ကြီးများ မိမိဥက္ကဋ္ဌနှင့် ညှိနှိုင်းပြီးတော့မှ အစည်းအဝေးရှိပါက ဆက်လက်ကျင်းပသွားကြဖို့ လေးစားစွာဖြင့် မေတ္တာရပ်ခံတင်ပြအပ်ပါ တယ်ခင်ဗျား။

**အခမ်းအနားမှူး** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည် ထွက်ခွာ နိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ်အမျိုးသားလွှတ်တော် ဒသမနေ့အစည်းအဝေးကို(၁၂း၀၀ )နာရီအချိန် တွင် ရပ်နားပါသည်။]